# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။

(ဓမ္မပဒ-၁၉၄)


၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၁၀၀)


# မကြာမီကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားညီအစ်ကိုများ အများဆုံး ပါဝင်ပူးပေါင်းနိုင်အောင် ဆောင်ရွက်သွားမည်



**နေပြည်တော် ဇူလိုင် ၃၀**

ဒေါက်တာတင်မျိုးဝင်း ဥက္ကဋ္ဌအဖြစ်ဦးဆောင်သည့် ငြိမ်းချမ်းရေးကော်မရှင်နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ ဗဟိုပေါလစ်ဗျူရို အမြဲတမ်းကော်မတီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူယိ ဦးဆောင်သည့် "ဝ"အထူးဒေသ (၂) ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံခဲ့မှုနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦးက " "ဝ"အထူးဒေသ (၂)ကိုယ်စားလှယ်တွေအနေနဲ့ မနေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နဲ့ တွေ့ဆုံမှုတွေမှာ ပွင့်ပွင့်လင်းလင်း၊ တန်းတူရည်တူမှုရှိရှိ ဆွေးနွေးနိုင်ခဲ့တဲ့အတွက် သူတို့အနေနဲ့ များစွာဝမ်းသာတဲ့အကြောင်းပြောပါတယ်၊ "ဝ"အထူးဒေသ (၂) ဟာ အရင်အစိုးရ၊ တပ်မတော်တို့နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ စိတ်ရောကိုယ်ရော ပူးပေါင်းဆောင်ရွက်ခဲ့သလို အခုလက်ရှိအစိုးရ၊ တပ်မတော်တို့နဲ့လည်း ငြိမ်းချမ်းရေးအတွက် ဆက်လက်ပြီး အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း၊ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးကို မျှော်လင့်ချက်ကြီးစွာထားရှိပြီး လေးလေးနက်နက်လည်းထားကြောင်း၊ ဒါပေမယ့် နိုင်ငံရဲ့အခြေအနေအရ အခက်အခဲတွေရှိနိုင်တဲ့အကြောင်း၊ အဲဒီအခက်အခဲတွေကို အခုလို မကြာခဏတွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာတဲ့ နည်းလမ်းနဲ့သွားမယ်ဆိုရင် ပြေလည်သွားနိုင်မယ့်အကြောင်း၊ မိမိတို့ ညီအစ်ကိုတွေပူးပေါင်းပြီး ငြိမ်းချမ်းရေးကို တည်ဆောက်သွားနိုင်မယ်လို့ ယုံကြည်ပါကြောင်း"

*စာမျက်နှာ ၃ ကော်လံ ၁* ✱

## ထူးကဲဒီရေ သတိပေး

**ရန်ကုန် ဇူလိုင် ၃၀**

၂၀၁၆ ခုနှစ် ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၇ ပေခန့်မှ ၂၀ ဒသမ ၇၀ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်ရာ မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က သတိပေး အကြောင်းကြားချက် ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၃၀

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။**

(မိုး/ဇလ)

## ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ-၃

## ဗီယက်နမ်အမျိုးသားလေကြောင်း ဝက်ဘ်ဆိုက်တိုက်ခိုက်ခံရ

စာမျက်နှာ-၁၀

## အကြမ်းဖက်တိုက်ခိုက်မှုနေ့စွဲများနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်

စာမျက်နှာ-၁၁

# ရေကြောင်းတက္ကသိုလ်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိလာမည်

**ရန်ကုန် ဇူလိုင် ၃၀**

မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်ကျောင်းဆင်း ကျောင်းသားကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်အတွက် ပြည်ပသင်္ဘောသားကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်အနေနဲ့ ကျောင်းသား ကျောင်းသူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိစေဖို့ ပြည်ပသင်္ဘောသားကုမ္ပဏီတွေနဲ့ချိတ်ဆက်ပြီး ရာခိုင်နှုန်းပြည့် အလုပ်ရရှိအောင်တော့ ကြိုးစားနေပါတယ်။ လက်ရှိမှာတော့ ပြည်ပကုမ္ပဏီ ၄၀ ကျော်နဲ့ စာချုပ်ချုပ်ဆိုထားပါတယ်။ ဒီကနေတစ်ဆင့် ကျောင်းသား ကျောင်းသူ ၆၅ ရာခိုင်နှုန်းခန့်ကတော့ ပညာသင်ဆုတွေရပြီး အလုပ်အကိုင်တွေနဲ့ ချိတ်ဆက်နိုင်မှာဖြစ်ပါတယ်။ တကယ်လို့ ဒီမှာပညာသင်ဆုမရလို့ အလုပ်အကိုင်နဲ့ မချိတ်ဆက်နိုင်သူတွေလည်း ရှိသလို အပြင်ရောက်မှ ချိတ်ဆက်နိုင်သူတွေလည်း ရှိကြပါတယ်။ အခုလိုပြပွဲတွေကလည်း ကျောင်းသား ကျောင်းသူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့

*စာမျက်နှာ ၃ ကော်လံ ၄* ◆




# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လိုအပ်သောအရင်းအနှီးကို စုဆောင်းခြင်း

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟုဆိုလိုက်သည်နှင့် (ငွေကြေး)ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ သဘာဝသယံဇာတနှင့် လူ့စွမ်းအားအရင်းအမြစ် စသော အခြေခံအကြောင်းအရာများကို ကနဦးတွေးမြင်မိကြသည်။ လက်တွေ့အားဖြင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ရှေးဦးစွာ ရင်ဆိုင်ကြရသည်မှာ ငွေကြေးအရင်းအနှီး ချို့တဲ့မှုပြဿနာပင်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအရင်းအနှီးကို မည်သို့ရှာဖွေမည်နည်းဟူသော ပုစ္ဆာအတွက်မူ အဖြေများအမျိုးမျိုးရှိသည်။

“အရင်းသည် ချွေတာစုဆောင်းမှုကြောင့် တိုးပြီး သုံးဖြုန်းခြင်းကြောင့် လျော့ပါးသည်။ လူတစ်ယောက်၏ဝင်ငွေထဲမှ စုဆောင်းမှုသည် အရင်းအစုအပုံကိုတိုးစေပြီး နောက်ထပ်အလုပ်လုပ်မည့်လက်များကို ကျွေးမွေးခန့်ထားနိုင်သည်။ သို့မဟုတ် ထိုသို့ပြုလုပ်သူတို့ကို ထုတ်ချေးခြင်းဖြင့် ထိုသူ၏အမြတ်ထဲမှ ဝေစုတစ်စုကို အတိုးတစ်ခုအဖြစ်ရရှိစေနိုင်သည်။ ပုဂ္ဂလိကတစ်ဦးချင်း၏ အရင်းသည် သူ၏နှစ်စဉ်ဝင်ငွေ သို့မဟုတ် တိုးပွားမှုများ gains ထဲမှ စုဆောင်းဖြစ်ပေါ်ရသလို လူ့အဖွဲ့အစည်းတစ်ခုတွင်လည်း ထိုပါဝင်သော ပုဂ္ဂလိကတစ်ဦးချင်းတို့၏ စုဆောင်းမှုအားလုံးအပေါ် တည်မည်”ဟူ၍ ကျမ်းရိုးဘောဂဗေဒပညာရှင် အဒမ်စမစ်က ၎င်း၏ “နိုင်ငံများ၏ဥစ္စာခနေ” **(Wealth of Nations)** စာအုပ်တွင် ဖော်ပြခဲ့သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ရေးအတွက် အားထုတ်မှုပြုရမည်မှာ မလွဲမသွေလိုအပ်ချက်ပင်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောအရင်းအနှီးစုဆောင်းမှုကို ပြုလုပ်ရာတွင် အမျိုးသားဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ ရင်းနှီးမြှုပ်နှံသင့်ကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေးတိုးတက်မှုဖြစ်စဉ်ဆိုသည်မှာ ၅ ရာခိုင်နှုန်းစုဆောင်းသည့် နိုင်ငံတစ်ခုအဖြစ်မှ ၁၂ ရာခိုင်နှုန်းအထိ စုဆောင်းသည့် နိုင်ငံတစ်ခုအဖြစ် ကူးပြောင်းသည့်ဖြစ်စဉ်ပင်ဖြစ်ကြောင်း အမေရိကန်စီးပွားရေးပညာရှင် အာသာလူးဝစ်က ပြောကြားခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) နိုင်ငံ့လူဦးရေ၏ ၂၆ ရာခိုင်နှုန်း ဆင်းရဲမွဲတေနေသည့် နိုင်ငံတစ်ခုအနေဖြင့် အမျိုးသားဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို စုဆောင်းရန် မဖြစ်နိုင်ဟု ယူဆနိုင်ကြစေကာမူ အရင်းအနှီးစုဆောင်းနိုင်မှုသည် လူတို့၏ပျမ်းမျှဝင်ငွေ အဆင့်အတန်းပေါ်တွင် မတည်ကြောင်း စီးပွားရေးပညာရှင်များက ဆိုထားကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရင်းအနှီးချို့တဲ့ရခြင်းမှာ ပြည်သူများ၏စုဆောင်းလိုစိတ် နိမ့်ကျခြင်း **(Low propensity to save)** နှင့် ရင်းနှီးမြှုပ်နှံမှုပြုရန် ဆွဲဆောင်မှုအားနည်းခြင်း **(Weak inducement to save)** တို့ကြောင့်ဖြစ်ကြောင်း ပြောကြားထားသည်ကိုလည်း သတိမူကြရမည်ဖြစ်သည်။

နိုင်ငံအတွက် အရင်းအနှီးစုဆောင်းမှုဟုဆိုရာတွင် အစိုးရက ထိရောက်သော အခွန်ကောက်ခံမှုစနစ်ကို ကျင့်သုံးခြင်း၊ ထိရောက်သောဘဏ္ဍာရေးအဆောက်အအုံများကို ဖွဲ့စည်းတည်ဆောက်ခြင်းနှင့် ပုဂ္ဂလိက အရင်းအနှီးများကို ထိထိရောက်ရောက် စုစည်းခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးသွားရမည်ဟု ဆိုထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုလျှံသော အရင်းအနှီးအများစုမှာ ကုန်ထုတ်အစွမ်းသတ္တိမဲ့သော နေရာများ (အထူးသဖြင့် ပကာသနစားသုံးမှုများ)သို့ စီးဝင်နေသည်ဟုဆိုရာ မိမိတို့နိုင်ငံတွင်လည်း ယင်းသို့သော သာဓကများစွာကို နေ့စဉ်မျက်မြင်တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံတွင် **Lamborghini** ကဲ့သို့သော တန်ဖိုးကြီးကမ္ဘာကျော်ကားသုံးစွဲနိုင်မှုကို တွေ့ရ၍ အံ့သြသွားခဲ့ရသော နိုင်ငံခြားသားများ၊ နောက်ဆုံးပေါ် တီဗွီအမျိုးအစားသစ်တစ်မျိုးကို မြန်မာ့ဈေးကွက်တွင် မူလမျှော်လင့်ထားသည်ထက် အဆများစွာ ပိုမိုရောင်းချနိုင်ခဲ့သဖြင့် မတွေးတတ်အောင်ဖြစ်ခဲ့ရသော အရောင်းကိုယ်စားလှယ်များ၊ ကမ္ဘာကျော်ကြက်ကြော်ဆိုင်တွင် တန်းစီတိုးဝှေ့ဝယ်ယူစားသောက်ကြသည့် သာဓကအချို့က မိမိတို့နိုင်ငံတွင် ပိုလျှံနေသော အရင်းအနှီးများရှိနေသည်ကို ထင်ထင်ရှားရှား ပြသနေခြင်းဖြစ်သည်ဟု ဆိုချင်ပါကြောင်း။ ။




## မြစိမ်းရောင်ကျေးရွာများသို့ ကွင်းဆင်း

ကွမ်းခြံကုန်း ဇူလိုင် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ)စီမံကိန်းဝင် ဝက်ကိုက်၊ ကညင်ကုန်း၊ ပေကုန်းနှင့် သုံးခွကျေးရွာများတွင် ရေလုပ်သားများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရင်းမပျောက်မတည်ငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ထုတ်၍ မတည်ပေးခဲ့သည်။

ယင်းကျေးရွာများသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းဝင်းမြင့်၊ တောင်ပိုင်းခရိုင်ဦးစီးမှူး ဦးတင့်လွင်၊ မြို့နယ်ဦးစီးမှူး ဦးသိန်းဟန်နှင့် ဝန်ထမ်းများက ကွင်းဆင်း၍ မြစိမ်းရောင်ကော်မတီအဖွဲ့ဝင်များ သွားရောက်တွေ့ဆုံရာ တိုင်းဒေသကြီးဦးစီးမှူးက ကော်မတီများအား အရင်းထားရှိမှု၊ ငွေထုတ်ချေးပေးမှု၊ ပြန်လည်ပေးဆပ်မှုတို့ကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၈၀၈၀

## ဖန်းမော်ခရိုင်အတွင်း မြေငှားဂရန်များ ရာနှုန်းပြည့်ထုတ်ပေး

မြစ်ကြီးနား ဇူလိုင် ၃၀

ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းကို ကျေးရွာမြေငှားဂရန် ထုတ်ပေးရေး ပြည်နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင် ဦးဆောင်၍ ဗန်းမော်ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဇူလိုင်လပထမပတ်တွင် ဗန်းမော်မြို့နယ် ကံကြီး-ကမ္ဘာနီကျေးရွာအုပ်စုတွင် မြေငှားဂရန် ၁၄၂ ခုကို လည်းကောင်း၊ မိုးမောက်မြို့နယ် မံပုံကျေးရွာအုပ်စု ကြံခင်ကျေးရွာတွင် မြေငှားဂရန် ၁၁၅ ခုကိုလည်းကောင်း၊ မံစီမြို့နယ် ချောင်းထောက်ကျေးရွာအုပ်စု မံဖွကျေးရွာတွင် မြေငှားဂရန် ၉၉ ခုကို လည်းကောင်း၊ ရွှေကူမြို့နယ် ငှက်တံတားကျေးရွာတွင် မြေငှားဂရန် ၆၃ ခုကို လည်းကောင်း ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းနှင့် ဦးချင်းဖေလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်းနှင့် ဦးမင်းမင်း၊ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယခုအခါ ခရိုင်အတွင်း ထုတ်ပေးရန် သတ်မှတ်လျာထားသည့် မြေငှားဂရန် ၄၁၉ ခုအား သတ်မှတ်ချိန် ကာလအတွင်း ရာနှုန်းပြည့် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။



(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

## အမှိုက်များစည်းကမ်းမဲ့စွာစွန့်ပစ်ခြင်း တားမြစ်ပေးစေလို

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက်အဝင် ရန်ကုန်-မန္တလေး ကားလမ်း အနောက်ဘက်ဘေး၌ အမှိုက်များစည်းကမ်းမဲ့စွာစွန့်ပစ်ခြင်းကြောင့်



အနံ့အသက်များဆိုးရွားခြင်းအပြင် မြို့၏ပုံရိပ်ကိုပါထိခိုက်နေသည့်အတွက် အဆိုပါ အမှိုက်များစွန့်ပစ်မှုကို ထိရောက်စွာဆောင်ရွက်သင့်ကြောင်း ပြောဆိုနေကြသည်။ စည်ပင်သာယာဈေးမှ အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နေ့စဉ်စနစ်တကျသိမ်းဆည်းပေးနေသော်လည်း ရပ်ကွက်များရှိ စွန့်ပစ်အမှိုက်များအား ဆိုက်ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်နောက်တွဲယာဉ်များဖြင့် နေ့စဉ်လာရောက်စွန့်ပစ်ခြင်းကြောင့် တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာနေသည်။

“မြို့အဝင်ဆိုင်းဘုတ်နဲ့ကပ်နေတာရယ်၊ နေ့စဉ်ကားလမ်းတစ်လျှောက်သွားလာနေကြတဲ့ ခရီးသွားတွေမြင်ရင် ဒီမြို့က အလွန်စည်းကမ်းမဲ့တဲ့ မြို့လို့ အထင်ရောက်သွားနိုင်တဲ့အတွက် မြို့သူ/မြို့သားတွေအနေနဲ့ အမှိုက်ကို စနစ်တကျ စွန့်ပစ်သင့်ပါတယ်”ဟု မြို့ခံတစ်ဦးက ပြောကြားသည်။ နေ့စဉ်ထွက်ရှိလျက်ရှိသည့် အမှိုက်များအား စွန့်ပစ်ရန် မြေနေရာရှားပါးခြင်းနှင့် အမှိုက်များအား မီးရှို့ဖျက်ဆီးသည့် စနစ်ထားရှိနိုင်ပါက ယခုထက်အဆင်ပြေစေနိုင်မည်ဖြစ်ကြောင်း အဆိုပါမြို့ခံကပင်ဆက်၍ပြောသည်။

ကိုလွင်(ဆွာ)

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃၀-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၂၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၄.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၄.၁၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၀၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၉၈ |
| တရုတ် | တစ်ယွမ် | ၁၇၇.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၅၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပထမအကြိမ် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပထမအကြိမ် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ဆက်လက်ကျင်းပသည်။

စာတမ်းဖတ်ပွဲ ဒုတိယနေ့ နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်)၊ ဦးမြဟန် (မြဟန်)နှင့် ဦးကျော်နိုင် (ထက်မြက်) တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ) က "ရှေးခေတ်မြန်မာ့နိုင်ငံရေးစာပေ"၊ ဦးသန်းဌေး (သင့်နော်)က "လက်လှမ်းမီသမျှ မြန်မာ့နိုင်ငံရေး စာပေအင်အားစုသို့ချဉ်းကပ်ခြင်း"နှင့် ဦးအောင်မြင့်ဦး (အောင်မြင့်ဦး-လူထု)က "ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ မိန့်ခွန်းများထဲမှ နိုင်ငံရေးအဘိဓမ္မာ" စာတမ်းတို့ကို ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) နှင့် ဦးကိုကို(ကို-တက္ကသိုလ်) တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင် ဦးအေးမောင် (အေးမောင်ကျော်)က "လစ်ဘရယ်ဒီမိုကရေစီကောက်ကြောင်းနှင့် မြန်မာ့အကူးအပြောင်း"၊ ဦးမိုးမြင့်ဝင်း (မိုးမြင့်ဝင်း-နည်းပညာ)က "ဖဆပလ ဝန်ကြီးချုပ် သခင်နု၏ ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်မှုကို လေ့လာသုံးသပ်ချက်"နှင့် ဦးကျော်ဇံလှ(ညီစေမင်း)က "နိုင်ငံရေးစာပေများကပြောတဲ့ တိုင်းရင်းသား လက်နက်ကိုင်လှုပ်ရှားမှုများ" စာတမ်းများကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကိုပြန်လည်ဖြေကြားကြကာ ဒုတိယနေ့ စာတမ်းဖတ်ပွဲကို ရပ်နားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာတမ်းရှင်ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)အား ဂုဏ်ပြုဇော်ခ ပေးအပ်ချီးမြှင့်စဉ်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး စာတမ်းရှင် ဦးအေးမောင် (အေးမောင်ကျော်) အား ဂုဏ်ပြုဇော်ခ ပေးအပ်ချီးမြှင့်စဉ်



မိုးရာသီစာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့တွင် ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာဝယ်ယူအားပေးစဉ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦးနှင့် တာဝန်ရှိသူများက သဘာပတိများနှင့် စာတမ်းရှင်များအား ဂါရဝပြုလက်ဆောင်များနှင့် ဂုဏ်ပူဇော်ခများကို ပေးအပ်ချီးမြှင့်ကြသည်။

မိုးရာသီစာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့တွင် စာအုပ်တိုက်များမှ စာအုပ်ဆိုင် ၁၇၁ ဆိုင်ကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ စာပေပညာရှင်များ၊ စာပေဝါသနာရှင် ရဟန်းရှင်လူပြည်သူများနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ အထူးများပြားပြီး တစ်နေရာတည်းတွင် လိုချင်သည့်စာအုပ်များကို တစ်စုတစ်စည်းတည်း လာရောက်ဝယ်ယူအားပေးခဲ့ကြ၍ ပထမနေ့ထက်ပင် ပိုမိုစည်ကားများပြားလျက်ရှိကြောင်း တွေ့ရသည်။

ဒုတိယနေ့ စာတမ်းဖတ်ပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော်သို့ ပညာရှင်များ၊ စာပေဝါသနာရှင်များ၊ နိုင်ငံရေးနှင့် နိုင်ငံရေး စာပေစိတ်ဝင်စားသူများ၊ ဖိတ်ကြားထားသူများနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ပထမအကြိမ် နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို ဇူလိုင် ၃၁ ရက်တွင် တတိယနေ့ အပြီးသတ် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ဦးမောင်မောင်ဦး(ဟိန်းလတ်)က "နိုင်ငံတကာနိုင်ငံရေးခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိ(ပြည်ပ)"၊ ဦးသန်းအုန်း (မောင်ဇေယျာ) က "မြန်မာ့နိုင်ငံရေး အတ္ထုပ္ပတ္တိစာပေ (၁၉၃၇-၁၉၈၇)၊ ဦးရဲနိုင်အောင်(ကိုဝ)က "နိုင်ငံရေးဘောဂဗေဒ စာပေများ၏ နိုင်ငံရေးအကျိုးသက်ရောက်မှု"၊ ဦးမော်လင်း(မော်လင်း)က "မြန်မာ့နိုင်ငံရေးနှင့်စာနယ်ဇင်းများ"၊ဦးဇော်လင်း (လင်းအေး)က "မြန်မာနိုင်ငံအမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများနှင့် နိုင်ငံရေးစာပေ (၁၉၀၀-၁၉၄၀)"နှင့် ဦးကိုကိုလှိုင် (ကိုကိုလှိုင်)က "ခေတ်ပြိုင် နိုင်ငံတကာ နိုင်ငံရေးအတွေးအခေါ်များ" စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်သည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ -ဇော်မင်းလတ်**

---

*** ရှေ့ဖုံးမှ**

နှစ်ဖက်တွေ့ဆုံမှုအပြီး မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြန်လည်သုံးသပ်သည့် ဆွေးနွေးပွဲတက်ရောက်ရန် ဖိတ်ကြားခြင်းနှင့် ပတ်သက်၍လည်း မေးမြန်းမှုများကို ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း ဖြည့်စွက်ပြောကြားသည်။

"သူတို့မေးတဲ့ နိုင်ငံရေးဆွေးနွေးမှု မူဘောင် ပြန်လည်ဆွေးနွေးမယ့် ကိစ္စတွေဟာ NCA ကနေ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ NCA ဆိုတာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လို့ ခေါင်းစဉ်တပ်ထားပေမယ့်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး တစ်ခုတည်းသာ မဟုတ်ဘဲ နိုင်ငံရေးဆွေးနွေးမှုတွေပါ ပါဝင်ပါတယ်။ ဒါကြောင့် နိုင်ငံရေးဆွေးနွေးမှုတွေ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို ရေးဆွဲရပါတယ်။ ညီလာခံကို ဘယ်လိုကျင်းပမယ်။ ကိုယ်စားလှယ် အချိုးအစားတွေကို ဘယ်လိုခွဲဝေကြမယ်။ ဘယ်လိုခေါင်းစဉ်တွေဆွေးနွေးကြမယ် စသည်ဖြင့် ဒီလိုအချက်တွေကို မူဘောင်မှာ အသေးစိတ်ရေးဆွဲထားပါတယ်။

အရင်ရေးဆွဲထားတဲ့ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို မူတည်ပြီးတော့ ပထမအကြိမ်ညီလာခံကို အရင်အစိုးရလက်ထက်က ကျင်းပနိုင်ခဲ့ပါတယ်။ အဲဒီရေးဆွဲထားတဲ့ မူဘောင်မှာ ပြင်ဆင်ခွင့်ရှိတယ်လို့ ပါရှိပါတယ်။ အရင်အခြေအနေနဲ့ လက်ရှိအခြေအနေက ပြောင်းလဲလာပြီဖြစ်တဲ့အတွက်ကြောင့် မူဘောင်ကို ပြင်ဆင်ပြောင်းလဲဖို့လည်း လိုအပ်လာပါတယ်။ ပြင်ဆင်ပြောင်းလဲဖို့ လိုအပ်လာသလို ပြင်ဆင်ပြောင်းလဲနိုင်ခွင့်လည်း ရှိတဲ့အတွက်ကြောင့် ဒါကို တိုင်းရင်းသားညီအစ်ကိုတွေနဲ့ ပြန်လည်ဆွေးနွေးညှိနှိုင်းပြီး မူဘောင်ကိုသုံးသပ်မယ်။ ပြီးရင် ပြင်ဆင်သင့်တာတွေကို ပြင်ဆင်မယ်။ ပြီးရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံကို ကျင်းပမှာဖြစ်ပါတယ်။

ဒီငြိမ်းချမ်းရေး ညီလာခံကို ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေ ပူးပေါင်းပြီး လုပ်ထားတယ်ဆိုတာမျိုး ပေါ်လွင်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ သူတို့တွေကိုလည်း ဒီထဲမှာ ပါဝင်လာခြင်းအားဖြင့် တို့လည်းပိုင်ဆိုင်တယ်။ တို့တွေအတူတကွ ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ ခံစားမှုမျိုးရနိုင်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု "ဝ"အထူးဒေသ (၂) အဖွဲ့အား ရှင်းပြခဲ့မှုနှင့်စပ်လျဉ်း၍ ဦးခင်ဇော်ဦးက ပြောသည်။

"ဝ"အထူးဒေသ (၂) အဖွဲ့အနေဖြင့် ၎င်းတို့၏ခေါင်းဆောင်များကို ဆက်လက်တင်ပြပြီး ယခု မူဘောင်ဆွေးနွေးပွဲတွင် ပါဝင်လာနိုင်အောင် ကြိုးစားမည်ဟု ပြောကြားခဲ့ကြောင်းလည်း ဦးခင်ဇော်ဦးက မီဒီယာများကို ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် မိမိတို့အနေဖြင့်လည်း မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားညီအစ်ကိုများ တတ်နိုင်သမျှ အများဆုံး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်သည်ဟု "ဝ"အထူးဒေသ (၂) အဖွဲ့အား ပြောကြားခဲ့ကြောင်း ဦးခင်ဇော်ဦးက ဆိုသည်။

ငြိမ်းချမ်းရေးကော်မရှင်သည် အထူးဒေသ (၄)မိုင်းလားအဖွဲ့နှင့်လည်း ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

ငြိမ်းချမ်းရေး ဆွေးနွေးမှုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ချမှတ်ပေးသော လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့က ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် (Nationwide Ceasefire Agreement- NCA)ကို အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ စတုတ္ထပတ် နောက်ဆုံးထား၍ ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေးအတွက် အကြိုပြင်ဆင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူထက်**

---

**◆ ရှေ့ဖုံးမှ**

ချိတ်ဆက်နိုင်မယ်လို့မျှော်လင့်ပါတယ်" ဟု ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က မြန်မာကွန်ဗင်းရှင်းစင်တာ (ရန်ကုန်)၌ ပြုလုပ်သည့် မြန်မာရေကြောင်းထုတ်ကုန်နှင့် ဆွေးနွေးပွဲအခမ်းအနားတွင် ပြောသည်။

ယခုအခါ ရန်ကုန်-သန်လျင်ရှိ မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူ ၁၇၀၀ ကျော် တက်ရောက် ပညာသင်ကြားလျက်ရှိပြီး ကျောင်းမပြီးမီ ပြည်ပသင်္ဘောသားကုမ္ပဏီများက စာချုပ်ဖြင့်ခေါ်ယူကာ ပညာသင်ထောက်ပံ့မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ကျောင်းပြီးသွားသည့်အခါ ၎င်းတို့ကုမ္ပဏီများတွင် ဝင်ရောက် အလုပ်လုပ်ကိုင်စေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိသည်။

မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်မှ တာဝန်ရှိသူများအနေဖြင့် ပြည်ပသင်္ဘောသားကုမ္ပဏီများကို ပိုမိုဖိတ်ခေါ်ကာ ကျောင်းသား ကျောင်းသူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ယင်းကဲ့သို့ ကြိုးပမ်းအားထုတ်မှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူအများစုမှာ လုပ်ငန်းသဘာဝအရ ကျောင်းသူ ၂၀ ရာခိုင်နှုန်းသာပါဝင်ပြီး ကျောင်းသား ၈၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မြန်မာရေကြောင်း ထုတ်ကုန်နှင့် ဆွေးနွေးပွဲ၂၀၁၆ ကို ပထမဆုံးအကြိမ်အဖြစ် ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နှစ်ရက်တာ ကျင်းပခဲ့ပြီး မြန်မာရေကြောင်းလောက ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်လူ့စွမ်းအားအရင်းအမြစ်များ နိုင်ငံတကာ သင်္ဘောသားကုမ္ပဏီများနှင့်ပိုမိုချိတ်ဆက်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြပွဲတွင် ပြည်ပသင်္ဘောသား ကုမ္ပဏီခြောက်ခု ပါဝင်ပြသခဲ့ကြောင်း သိရသည်။ ရေကြောင်းတက္ကသိုလ်မှ သင်္ဘောသားအလုပ်အကိုင်မဟုတ်သော ဘာသာရပ်ကျောင်းသူများကိုလည်း ပြည်ပနိုင်ငံဆိပ်ကမ်းများတွင် အလုပ်အကိုင်ရရှိစေရန် ချိတ်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# လွှတ်တော်ရုံးများ၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ စုပေါင်းကျင်းပ



**နေပြည်တော် ဇူလိုင် ၃၀**

လွှတ်တော်ရုံးများ၏ ၂၀၁၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက်နံနက် ၈ နာရီခွဲတွင် လွှတ်တော်ဝင်း အတွင်း၌ စုပေါင်းကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ကော်မတီအတွင်းရေးမှူးများ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ၂၀၁၆ ခုနှစ် သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအတွင်းရေးမှူးများက သတ်မှတ်နေရာများတွင် သစ်ပင်များကို စိုက်ပျိုးပေးကြသည်။ ထို့နောက် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက သပြေပင်၊ ကံ့ကော်ပင်၊ စိန်ပန်းပင်၊ ခရေပင်နှင့် မဉ္ဇူသကပင်များကို စုပေါင်းစိုက်ပျိုးကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က လိုက်လံကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်(မန္တလေး)အဆင့်မြှင့်တင်ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးမြို့ လမ်း ၈၀ နှင့် ၂၄ လမ်းရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် (မန္တလေး) အဆင့်မြှင့်တင်ဖွင့်လှစ်ပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

“ကုန်းဘောင်မင်းဆက် အားလုံးနီးပါးက မန္တလေးဒေသတစ်ခွင်မှာ ထီးနန်းစိုက်ထူခဲ့တာဖြစ်လို့ နန်းမှုနန်းရာ၊ စာပေနဲ့ ယဉ်ကျေးမှုတွေကို အများဆုံးတွေ့ရတယ်။ ဝန်ကြီးဌာနရဲ့ ရက် ၁၀၀ စီမံချက်မှာ အမျိုးသားပြတိုက်(ရန်ကုန်) အပါအဝင် ပြတိုက်တွေကို အဆင့်မြှင့်တင်ပြီး စံနှုန်းနဲ့ညီစွာ ခင်းကျင်းပြသနိုင်အောင် ဆောင်ရွက်နေပါတယ်” ဟု ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ယဉ်ကျေးမှုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်

ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်(မန္တလေး)ကို အဆင့်မြှင့်တင်ပြန်လည်ခင်းကျင်းခဲ့ရာ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ပြီးနောက်ခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ ရတနာပုံခေတ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းပြခန်း၊ မြန်မာ့လက်မှု အနုပညာပန်းဆယ်မျိုးပြခန်းနှင့် ဗုဒ္ဓအနုပညာလက်ရာပြခန်းများပါဝင်ပြီး ငွေကျပ်သိန်းပေါင်း ၁၂၀၀ သုံးစွဲကုန်ကျခဲ့ကြောင်း သိရသည်။ “ခုနောက်ပိုင်းမှာ ခေတ်နဲ့အညီ ပြန်လည်ပြုပြင် ခင်းကျင်းပြသဖို့ လိုအပ်သလို ကြည့်ရှုသူတွေ ပိုမိုစိတ်ဝင်စားလာအောင် လုပ်ဖို့လိုအပ်တဲ့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ တနင်္လာနေ့နဲ့ ပြန်တမ်းဝင်ရုံးပိတ်ရက်တွေမှာ ပြခန်းပိတ်ပါတယ်။ ကျန်ရက်တွေမှာတော့ မနက် ၉ နာရီကနေ ညနေ ၄ နာရီခွဲထိ ဖွင့်လှစ်ထားမှာပါ”ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)ဌာနခွဲ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

ပြခန်းဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၅၀၀ နှင့် နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်း ကောက်ခံမည်ဖြစ်ပြီး သံဃာတော်များ၊ သီလရှင်များနှင့် ကျောင်းသား ကျောင်းသူများ အခမဲ့ကြည့်ရှုလေ့လာနိုင်မည် ဖြစ်ကြောင်း၊ စာကြည့်တိုက်အသင်း ဝင်လိုပါက သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်ထောက်ခံစာနှင့် မှတ်ပုံတင်မိတ္တူဖြင့် လည်းကောင်း၊ ကျောင်းသားဖြစ်ပါက ကျောင်းအုပ်ကြီး ထောက်ခံစာဖြင့်လည်းကောင်း လျှောက်ထားနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းဝမြို့ဟောင်းမှ သပြေတန်းခံတပ်သို့လည်းကောင်း၊ တံတားဦးမြို့နယ် ပင်းယမြို့ဟောင်းရှိ ဂူကြီးသုံးလုံးမှ အလယ်ဂူ (ဘုရားအမှတ် ၁၇၄)ပြုပြင်မွမ်းမံနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လေကြောင်းနှင့်အာကာသပညာရပ်ကို အသုံးချနယ်ပယ်အလိုက် တီထွင်ဖန်တီးအသုံးပြုနိုင်ရန် ပရောဂျက်ပြပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၃၀**

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းပြုလုပ်သည့် ၂၀၁၆ ပရောဂျက်ပြပွဲ MAEU Project Show 2016 ကို ဇူလိုင် ၃၀ ရက် မွန်းတည့် ၁၂ နာရီက ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

“ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ ပူးပေါင်းကျင်းပတဲ့ ပရောဂျက်ပြပွဲဖြစ်ပါတယ်။ ဒီပရောဂျက်ပြပွဲ MAEU Project Show 2016 ကို ကျောင်းသား ကျောင်းသူတွေရဲ့ တီထွင်ဖန်တီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းတွေ ရရှိစေဖို့၊ လေကြောင်းနဲ့ အာကာသပညာရပ်ကို အသုံးချနယ်ပယ်အလိုက် တီထွင်ဖန်တီး အသုံးပြုနိုင်မှုကို အထောက်အကူပြုဖို့၊ တက္ကသိုလ်နဲ့ စက်မှုလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်မှု အလေ့အထ ဖြစ်ထွန်းစေဖို့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပတာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်သွင်က ပြောသည်။




ယခုပြသည့် ပရောဂျက်ပြပွဲ MAEU Project Show 2016 တွင် ပထမနှစ်ပြခန်း၊ စက်နှင့် ပျံသန်းယာဉ်ပြခန်း၊ လေကြောင်းလျှပ်စစ်နှင့် တိုင်းတာရေးပြခန်း၊ လေကြောင်းအီလက်ထရွန်နစ်ပြခန်း၊ လောင်စာနှင့် တွန်းကန်ပစ္စည်းပြခန်း၊ အာကာသစနစ်ပြခန်း စုစုပေါင်း ပြခန်း ခြောက်ခုတွင် ပရောဂျက်ခေါင်းစဉ်ပေါင်း ၄၀ ပါဝင်ခင်းကျင်းပြသရာ မိတ္ထီလာမြို့နယ်အတွင်းရှိ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ လေကြောင်းနှင့် အာကာသပညာရပ် စိတ်ဝင်စားသူများ လာရောက်လေ့လာကြသည်။ ယင်းပရောဂျက်ပြပွဲတွင် လာရောက် လေ့လာသူများအား လေယာဉ်ထုတ်လုပ်မှုနှင့် လေယာဉ်မောင်း အတတ်ပညာ၊ ကောင်းမွန်သော အသက်မွေးမှုပညာအတွက် ကြိုတင်ပြင်ဆင်နိုင်သည့် အခွင့်အရေးများ စသည့် အသိပညာ၊ အတတ်ပညာများကို ပညာရှင်များက အသိပညာပေး ဟောပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးဒုက္ခသည်များအား ကူညီထောက်ပံ့

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမရပူရ၊ စဉ့်ကိုင်၊ စဉ့်ကူး၊ ပုသိမ်ကြီးနှင့် တံတားဦး မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့တွင် ဧရာဝတီမြစ်ရေ၊ ဒုဋ္ဌဝတီမြစ်ရေများ မြင့်တက်မှုကြောင့် ဇူလိုင် ၂၉ ရက်မှစ၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ဇူလိုင် ၃၀ရက် အခြေအနေအရ အမရပူရမြို့နယ်တွင် အိမ်ထောင်စု ၃၄၀၀ ကျော်မှ လူဦးရေ ၁၂၀၀၀ ကျော်ခန့်၊ စဉ့်ကိုင်မြို့နယ်တွင် အိမ်ထောင်စု ၄၂၀ ကျော်မှ လူဦးရေ ၆၀၀၀ ကျော်ခန့်၊ စဉ့်ကူးမြို့နယ်တွင် အိမ်ထောင်စု ၄၅ စုခန့်မှ လူဦးရေ ၂၀၀ ခန့်၊ ပုသိမ်ကြီးမြို့နယ်တွင် အိမ်ထောင်စု ၂၀၀ ကျော်မှ လူဦးရေ ၆၀၀ ကျော်ခန့်၊ တံတားဦးမြို့နယ်တွင် အိမ်ထောင်စု ၃၄၀ ကျော်မှ လူဦးရေ ၁၃၀၀ ကျော်ခန့်ကို ရေဘေးလွတ်ကင်းရာ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကုန်းမြင့်များသို့ ယာယီပြောင်းရွှေ့ပေးလျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် အဖွဲ့သည် အဆိုပါရေဘေးသင့်နေရာများသို့ သွားရောက်ကာ တာဝန်ရှိသူများနှင့်အတူ အရေးပေါ် စားရေရိက္ခာများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ဒုဋ္ဌဝတီနှင့် ဝေန်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၃၀**

ယနေ့မွန်းလွဲ ၁၂နာရီခွဲတိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်၍ မြစ်ငယ်မြို့နှင့် ဝေန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေ ဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(မြန်မာ့အလင်း)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၃၀-** ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို အချင်းချင်းလေ့လာခွင့်ရရှိစေရန် တိုင်းရင်းသားလေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းဖြစ်

**နေပြည်တော် ဇူလိုင် ၃၀**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအတွက် အခြေခံလိုအပ်ချက်များအား အချိန်တိုအတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ပထမရက် ၁၀၀ စီမံချက်အား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစဉ်(၉)ရပ်ဖြင့် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းစဉ်များအနက်မှ နယ်စပ်ဒေသများမှ တိုင်းရင်းသားလေ့လာရေး အဖွဲ့ဝင်များကို အလှည့်ကျစနစ်ဖြင့် ဖိတ်ကြားခေါ်ယူပြီး နေပြည်တော်နှင့် ပတ်ဝန်းကျင်လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း ယမန်နေ့ ညနေ ၆ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ စုပေါင်းခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် နေပြည်တော်သို့ လေ့လာရေးခရီးလာရောက်ခဲ့ကြသော ကချင်၊ ကယား၊ မွန်နှင့် ရခိုင်တိုင်းရင်းသားအဖွဲ့များအား နှုတ်ဆက်တွေ့ဆုံခြင်း အခမ်းအနား၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယင်းသို့ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များမှာ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်ရင်း တစ်ဦး၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို တစ်ဦးက လေ့လာသိရှိဖလှယ်ခွင့်ရရှိစေရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်ကရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့ ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်၊ မိမိတို့ တိုင်းရင်းသားအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် ပြည်ထောင်စုကြီးအတွင်း အေးအတူပူအမျှ မှီတင်းနေထိုင်လျက်ရှိကြသည့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုမောင်ရင်းနှမများ ဖြစ်ကြသည်ဟူသော ကောင်းမွန်မှန်ကန်သော ခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်ပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု



ထူထောင်ရေး၊ နိုင်ငံသူ နိုင်ငံသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေး ဟူသော ရည်မှန်းချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့ နိုင်ငံတော်အတွက် အလိုအပ်ဆုံးအရာမှာ ပြည်တွင်းငြိမ်းချမ်းရေးပင် ဖြစ်ပါကြောင်း၊ နောင်မျိုးဆက်သစ်များအတွက် ထားခဲ့ရမည့် အကောင်းဆုံးအမွေအနှစ်သည် ငြိမ်းချမ်းရေးပင် ဖြစ်ပါကြောင်း၊ မိမိနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုကို မရရှိနိုင်ပါကြောင်း၊ ထို့ပြင် စည်းလုံးညီညွတ်မှုရှိမှသာ ငြိမ်းချမ်းနိုင်မည်ဖြစ်သည့်အတွက် ညီညွတ်ရေးကိုအခြေခံသည့် ငြိမ်းချမ်းရေးကို ဖန်တီးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမှတစ်ဆင့် မိမိတို့လိုလားသည့် ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံကို ထူထောင်နိုင်မည် ဖြစ်ပါကြောင်း၊ နောင်မျိုးဆက်သစ်များကို တစ်ဆင့်ပြီးတစ်ဆင့် ကောင်းမွန်သည့် အမွေအနှစ်နှင့်အတူ တာဝန်များကိုလည်း လက်ဆင့်ကမ်းပေးသွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကချင်၊ ကယား၊ မွန်နှင့် ရခိုင်တိုင်းရင်းသားအဖွဲ့များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး တိုင်းရင်းသား တိုင်းရင်းသူ ကိုယ်စား ရခိုင်တိုင်းရင်းသူတစ်ဦးက တိုင်းရင်းသားအဖွဲ့များကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဂုဏ်ပြုညစာအား လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းသားအဖွဲ့များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကူးကြပြီး လေ့လာရေးခရီး ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် တိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယနေ့နံနက်ပိုင်းတွင် လေ့လာရေးခရီးစဉ်ပြီးဆုံး၍ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာမည့် တိုင်းရင်းသားလေ့လာရေးအဖွဲ့များအား နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က လေ့လာရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ Albumများနှင့် ဗီဒီယိုခွေများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူကယုံကြည်ကိုးစားထိုက်သည့် ဥပဒေအရာရှိကောင်းများဖြစ်လာစေရန် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်နှင့် တရားမျှတမှုရှိရေးအတွက် စေတနာထားလုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြား



**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဥပဒေအရာရှိအဆင့်(၄)မှ အဆင့်(၃)သို့ ရာထူးတိုးစာမေးပွဲ လာရောက်ဖြေဆိုကြသော ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဥပဒေအရာရှိ အဆင့်(၄)များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ နိုင်ငံတော်၏ မူဝါဒများနှင့် လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့သည်။

ထိုသို့ အမှာစကားပြောကြားရာတွင် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် တာဝန်ယူပြီးချိန်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရာထူးတိုးစာမေးပွဲ လာရောက်ဖြေဆိုကြသည့် အဆင့်ဆင့်သော ဥပဒေအရာရှိများကို တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားခဲ့သည်မှာ ယခုဆိုလျှင် (၃)ကြိမ်မြောက် ဖြစ်ပါကြောင်း၊ အလားတူ ရန်ကုန်နှင့် မန္တလေးမြို့များသို့ တရားဥပဒေစိုးမိုးရေးစင်တာနှင့် ဥပဒေရေးရာလုပ်ငန်းများအတွက် သွားရောက်ခဲ့စဉ်က သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများကိုတွေ့ဆုံ၍လည်း လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ပါကြောင်း၊ ယခုကဲ့သို့ တစ်နိုင်ငံလုံးရှိ ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဥပဒေအရာရှိများကို မိမိတို့ တာဝန်ထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ကောင်းစွာ နားလည်သဘောပေါက်ပြီး တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရေးအတွက် အခါအခွင့်သင့်တိုင်း တွေ့ဆုံမှာကြားရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲများက အဂတိတရားကင်းစင်သော လူ့အသိုင်းအဝိုင်း ဖော်ဆောင်ရေး၊ နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးမှုရှိပြီး နိုင်ငံသူနိုင်ငံသားများအားလုံး တရားဥပဒေ၏ ကာကွယ်မှုအောက်တွင် လုံလုံခြုံခြုံရှိစေရေး၊ တရားမျှတမှုရှိရေး၊ ကောင်းမွန်သက်ရောက်မှုရှိသည့် ဥပဒေများဖြစ်စေရေး စသည်တို့ကို လမ်းညွှန်ခဲ့ပါကြောင်း၊ အဆိုပါ လမ်းညွှန်မှုများနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်လျက်ရှိရာ ဥပဒေအရာရှိ တစ်ဦးချင်းစီအနေဖြင့် ပြည်သူကိုအကျိုးပြုသည့်၊ ပြည်သူက ယုံကြည်ကိုးစားထိုက်သည့် ဥပဒေအရာရှိကောင်းများ ဖြစ်လာစေရန် စိတ်ဓာတ်ခံယူချက်များထားရှိ၍ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်နှင့် တရားမျှတမှုရှိရေးအတွက် စေတနာထား လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ကိုယ်ကျင့်သိက္ခာထိန်းသိမ်း၍ အဂတိတရားကင်းရှင်းစွာဖြင့် နေထိုင်ဆောင်ရွက်ကြရန်၊ ဥပဒေရေးရာများတွင် နှံ့စပ်ကျွမ်းကျင်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ရာထူးတိုးစာမေးပွဲဖြေဆိုမည့် ဥပဒေအရာရှိ အဆင့်(၄) ၁၀၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# စုံညီခုံရုံးက ရွေးကောက်ပွဲအယူခံအမှုအမှတ် (၂)နှင့် (၃)အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဇူလိုင် ၃၀**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးရားဝမ်ဂျုံအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစောနွဲ့ခွန်ဆိုင်ခမ်း၏ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ၂၀၁၆ ခုနှစ် မေ ၃၀ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၂) ကချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အပေါ် ဦးစောနွဲ့ခွန်ဆိုင်ခမ်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၂/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။



အယူခံတင်သွင်းခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးက ကချင်ပြည်နယ် မချမ်းဘောမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးရားဝမ်ဂျုံအား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်ဖြစ်သည်ဟု မူလရွေးကောက်ပွဲခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း စရိတ်နှင့်တကွ ပယ်သည့် အပြီးသတ် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ကချင်ပြည်နယ် ဆော့လော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဒေါ်လွမ်းလမ်းအပေါ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးစံဝေခေါင်လွမ်း၏ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုကို ၂၀၁၆ ခုနှစ် မေ ၃၁ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အပေါ် ဦးစံဝေခေါင်လွမ်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၃/၂၀၁၆)ဖြင့် လက်ခံခဲ့သည်။

အယူခံတင်သွင်းခြင်း ကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးက ကချင်ပြည်နယ် ဆော့လော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဒေါ်လွမ်းလမ်း ရွေးကောက်တင်မြှောက်ခံရခြင်းသည် အတည်ဖြစ်သည်ဟု မူလရွေးကောက်ပွဲခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း စရိတ်နှင့်တကွပယ်သည့် အပြီးသတ်အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန(MRC) ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့ ပူးပေါင်း၍ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (Migrant Resource Center-MRC) ဖွင့်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက စစ်တွေမြို့ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေပေးရေးရုံး၌ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် IOM ဒေသဆိုင်ရာရုံးမှ Mr. Kieran Gorman Best တို့က ရွှေ့ပြောင်းအလုပ်သမားများ ထောက်ပံ့ကူညီရေးဗဟိုဌာနဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အခမ်းအနားကို ဗဟိုဌာနဝင်းအတွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ရွှေ့ပြောင်းအလုပ်သမားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (MRC) များကို တရားဝင်ရွှေ့ပြောင်းသွားလာခြင်းအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ရွှေ့ပြောင်းလုပ်သားများအတွက် သတင်းအချက်အလက်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မှန်ကန်စွာရရှိရေး၊ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ သိရှိလိုက်နာဆောင်ရွက်ရေး၊ ဗဟိုဌာနများမှတစ်ဆင့် ရွှေ့ပြောင်းလုပ်သားများအား ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးနှင့် ဘေးကင်းလုံခြုံစွာနေထိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာအလုပ်သမားများ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိရေး၊ ပြည်ပအလုပ်အကိုင်နှင့် ဥပဒေနှင့်အညီ အခွင့်အရေးများရရှိစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပရောက် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အထောက်အထားထုတ်ပေးရေးနှင့် ပြည်ပနိုင်ငံများသို့ တရားဝင်လမ်းကြောင်းမှ စေလွှတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့သော ဗဟိုဌာနများကို မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေပေးရေးရုံးများ၌ ဖွင့်လှစ်ပေးလျက်ရှိရာ ဝန်ထမ်းများက အလုပ်သမားနှင့် ယင်းတို့၏ မိသားစုဝင်များအား နွေးထွေးစွာကြိုဆို၍ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လှူဒါန်းသည့်ပစ္စည်းများနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများကို အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးဌာနမှူးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများသည် MRC ဗဟိုဌာနအတွင်း လှူဒါန်းပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့တို့၌ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (MRC) ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့၌ ဇူလိုင် ၁၇ ရက်တွင် လည်းကောင်း၊ စစ်တွေမြို့၌ ယနေ့တွင်လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများသို့ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ICO) တို့ပူးပေါင်း၍ ၂၀၁၄ ခုနှစ်မှ စတင်ကာ ကရင်၊ မွန်၊ ရှမ်းပြည်နယ်တို့နှင့် မကွေး၊ ရန်ကုန်၊ ဧရာဝတီ၊ မန္တလေး၊ တနင်္သာရီတိုင်းဒေသကြီးတို့၌ စုစုပေါင်း ဗဟိုဌာန ၁၂ ခု ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**CLMV လေးနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး ဆွေးနွေးစဉ်**

❒ *ကျောဖုံးမှ*

သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် လူမှုအဖွဲ့အစည်း အခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီနေ့ဆွေးနွေးခဲ့တာက CLMV လေးနိုင်ငံရဲ့ ခရီးသွားကဏ္ဍမြင့်မားလာအောင် ခရီးသွားမြှင့်တင်ရေးလုပ်ငန်းတွေ ဘယ်လိုလုပ်ကြမလဲဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ တချို့က လေးနိုင်ငံရဲ့ ခရီးသွားဖွံ့ဖြိုးမှုပြကွက်တွေကိုရိုက်ပြီး ဖြန့်ဖြူးမယ်၊ တချို့က အွန်လိုင်း၊ ဖေ့စ်ဘုတ် စတာတွေနဲ့ ဖြန့်ဖြူးမယ်။တချို့ကလည်း နိုင်ငံတကာ ခရီးသွားပွဲတော်တွေမှာ ဒီလေးနိုင်ငံက ပါဝင်ပြသမှုလုပ်မယ်အစရှိတဲ့ အိုင်ဒီယာအမျိုးမျိုးနဲ့ ဆွေးနွေးခဲ့ကြတယ်။ ဒီအထဲကမှ လေးနိုင်ငံစလုံးက လက်တွေ့အမြန်ဆုံး ထိထိရောက်ရောက်လုပ်နိုင်မယ်ဆိုတဲ့ လုပ်ငန်းစဉ်ကို ထပ်မံရွေးထုတ်ပြီးရင် ရှေ့ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ။ ခရီးသွားကဏ္ဍဟာ ကျွန်တော်တို့ လေးနိုင်ငံစလုံးမှာရှိတဲ့ ပြည်သူတွေရဲ့ အလုပ်အကိုင်ရရှိရေး၊ ဝင်ငွေတိုးပွားရေး၊ ဆင်းရဲမှုနိမ့်ကျနေတဲ့ လူမှုဘဝမြှင့်တင်ရေးစတဲ့ လုပ်ငန်းစဉ်တွေအတွက် အမြန်ဆုံးအကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းဖြစ်တာကြောင့် ဒီလေးနိုင်ငံရဲ့နိုင်ငံတော်အကြီးအကဲတွေကရော သက်ဆိုင်ရာဝန်ကြီးတွေကပါ ဒီပေါ်မှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာ ဒီနေ့ညှိနှိုင်းဆွေးနွေးတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ယနေ့လေးနိုင်ငံတွေ့ဆုံ ဆွေးနွေးခဲ့မှုအပေါ် သုံးသပ်ပြောကြားသည်။

ယနေ့ကျင်းပသည့် လေးနိုင်ငံ CLMV ကွန်ဖရင့်တွင် ကနဦးအနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ဗီယက်နမ်ဘဏ်(SBV) အကြား ဘဏ်လုပ်ငန်းဆိုင်ရာရှေ့ဆက် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဆွေးနွေးခြင်း၊ CLMV လေးနိုင်ငံမှ ဘဏ်လုပ်ငန်းဆိုင်ရာနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးခြင်းတို့ပြုလုပ်ခဲ့ပြီး ယင်းဆွေးနွေးချက်များကို CLMV လေးနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာဘက်တွင်လည်း ဥက္ကဋ္ဌများထံ ညနေပိုင်းတွင်ရွေးချယ်တင်ပြအတည်ပြုခဲ့ကြောင်း သိရသည်။

လေးနိုင်ငံအကြား ဘဏ်လုပ်ငန်းဆိုင်ရာဆွေးနွေးဆောင်ရွက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မေမာလာမောင်ကြီးက "ဒီနေ့ မနက်ပိုင်းကတော့ ဗီယက်နမ် ဘဏ်(SBV)နဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ နှစ်ခုကြားမှာ MoU ထိုးခဲ့တာနဲ့ပတ်သက်ပြီးတော့ ရှေ့ဆက်ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုတွေ ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာ ဆွေးနွေးခဲ့တယ်။ CLMV လေးနိုင်ငံကြားမှာလည်း ဘာတွေဆက်လက်ဆောင်ရွက်မလဲဆိုတာကို ဆွေးနွေးခဲ့တယ်။ ဥပမာပြောရရင် ၂၀၂၀ ပြည့်နှစ်မှာ ဆောင်ရွက်မယ့် ABIF နဲ့ပတ်သက်ပြီးတော့ ဆွေးနွေးခဲ့တယ်။ အဲဒါကတော့ အားလုံးသိတဲ့အတိုင်း အာဆီယံ ၁၀ နိုင်ငံစလုံးနဲ့ ဆိုင်တဲ့လုပ်ငန်းစဉ်ကြီးပါ။ အခြားအာဆီယံနိုင်ငံတွေကတော့ ဖွံ့ဖြိုးပြီးဖြစ်နေတယ်။ အာဆီယံ ၁၀နိုင်ငံထဲက ကျွန်မတို့ ခုကျန်နေတဲ့ CLMV လေးနိုင်ငံ ဖွံ့ဖြိုးမှုကတော့ တန်းတူတာပေ့ါ။ အဲဒါကြောင့် ABIF ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်မတို့ ဘယ်လိုကြိုတင်ပြင်ဆင် ဆောင်ရွက်မလဲဆိုတာ ဆွေးနွေးတယ်။ Working Group လေးတွေဖွဲ့ပြီးတော့ သဘောတူတာနဲ့ ABIF Guide Line အတိုင်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်။ ABIF Guide Line ဆိုတာ ဘဏ်လုပ်ငန်းတွေ ဆောင်ရွက်လုပ်ကိုင်မယ်။ ဥပမာ ပြောရရင် ခုဗီယက်နမ်နိုင်ငံ(BIDV)ဘဏ် ကျွန်မတို့ဆီကလာဖွင့်သလို၊ လေးနိုင်ငံစလုံးက တန်းဝင်ဘဏ်ဖြစ်ဖို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဘယ်လိုကူညီရိုင်းပင်းကြမယ်ဆိုတာတွေ ဆွေးနွေးခဲ့တယ်"ဟု ပြောကြားသည်။

ယင်းလေးနိုင်ငံ CLMV ကွန်ဖရင့်တွင် လေးနိုင်ငံရှိ ခရီးစဉ်ဒေသများ ဓာတ်ပုံပြပွဲနှင့် လေးနိုင်ငံရှိ ရိုးရာအစားသောက်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ လေးနိုင်ငံခရီးသွားလုပ်ငန်းမှ ဝန်ကြီးများ၊ Hang Anh GLa Lia(HAGL) Corporation ဥက္ကဋ္ဌ၊ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်ဥက္ကဋ္ဌတို့က တက်ရောက်ဖွင့်လှစ်ခဲ့ပြီး လေးနိုင်ငံခရီးစဉ်ဓာတ်ပုံပြပွဲကို သုံးရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် ဓာတ်အားဖြတ်တောက်ထားရ

**နေပြည်တော် ဇူလိုင် ၃၀**
မြန်မာနိုင်ငံအဝန်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မြစ်ရေကြီးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လျှပ်စစ်ဓာတ်အားလိုင်းပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

မိတ္ထီလာမြို့ သြဇာခြံရပ်ကွက် ကန်တော်မင်္ဂလာခန်းမ ၁၀၀ ကေဗွီအေ ထရန်စဖော်မာသည် ဇူလိုင် ၂၈ ရက် ည ၁၀ နာရီခွဲခန့်က မိုးသက်လေပြင်း တိုက်ခတ်ပြီးလျှပ်စီးဝင်ခြင်းကြောင့် လောင်ကျွမ်းပြီးဓာတ်အားပြတ်တောက်ခဲ့သည်။

အလားတူ ယင်းနေ့ညသန်းခေါင်ချိန် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ၃၃ ကေဗွီ သာစည်-ပျော်ဘွယ် ဓာတ်အားလိုင်း ဓာတ်တိုင်များကျိုးခြင်း၊ ဆက်စပ်ပစ္စည်းများ ပျက်စီးခြင်းတို့ကြောင့် ဓာတ်အားပြတ်တောက်ခဲ့ရသည်။

ထို့အတူ ည ၁၁နာရီ ၁၅ မိနစ်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရမည်းသင်းမြို့ အနောက်တောင်ဘက် မိုင်ဝက်ခန့်တွင်ရှိသော ခံစပ်ကုန်းရေလှောင်ကန် ကျိုးပေါက်သွားသဖြင့် ကန်အတွင်းမှ ရေများဝင်ရောက်လာပြီး လက်ဆည်ကန်ရပ်ကွက်ရှိ ၂၀၀ ကေဗွီအေ ထရန်စဖော်မာကိုလည်းကောင်း၊ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၃၃ ကေဗွီ တပ်ကုန်း-ရမည်းသင်း ဓာတ်အားလိုင်းကိုလည်းကောင်း ခေတ္တဓာတ်အားဖြတ်တောက်ထားခဲ့ရသည်။

ဧရာဝတီမြစ်ရေကြီးမှုကြောင့် ထရန်စဖော်မာ ရေမြုပ်နိုင်သော မြင်းခြံမြို့နယ်ရှိ ဖိုးတုတ်ဖြူရွာ၊ ဆီမီးခုံရွာ၊ လေးအိမ်တန်းရွာ၊ ကျောင်းကုန်းအင်ကြင်းပင်ရွာ၊ အမှတ် (၆) အိုးသစ်၊ မြစ်သာ၊ ညောင်ပင်သာ၊ ဦးမောင်မောင် (ရေသန့်) ထရန်စဖော်မာများအား ဇူလိုင် ၂၈ ရက်ကစ၍ လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် စက်ရိပ်ရွာ၊ လှိုင်းပေါက်ရွာ၊ ပေါက်မြိုင်ရွာ၊ ညောင်ဦးမြို့နယ် အမှတ် (၁)၊ (၂)၊ (၄) ရပ်ကွက်တို့ရှိ ထရန်စဖော်မာများအား ဇူလိုင် ၂၉ ရက်ကစ၍ လည်းကောင်း၊ မြစ်ငယ်မြစ်နှင့် ပန်းလောင်မြစ်တို့ ရေကြီးမှုကြောင့် ပလိပ်မြို့နယ် မြောက်မြေရပ်ကွက် ထက်မျှောရပ်ကွက်၊ မြေတော်ကျေးရွာတို့ရှိ ထရန်စဖော်မာများအား ဇူလိုင် ၂၉ ရက်ကစ၍ လည်းကောင်း ခေတ္တဓာတ်အားဖြတ်တောက်ထားခဲ့ရသည်။

မိုးသည်းထန်၊ လေပြင်းတိုက်၍ ပျက်စီးမှုများအား အမြန်ပြုပြင်လျက်ရှိပြီး ရေကြီးသော မြို့ ရွာ၊ ရပ်ကွက်များ ရေကျသည်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားပုံမှန် ပြန်လည်ပို့လွှတ်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

### လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၃၀**
ယနေ့ မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက် များအရ ယနေ့မွန်းလွဲမှ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ခန့်မှန်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

## မြစ်ရေဆက်လက်မြင့်တက်မှုကြောင့် ရပ်ကွက်နှင့် ကျေးရွာများအတွင်း ရေများဝင်ရောက်

**စစ်ကိုင်း ဇူလိုင် ၃၀**
စစ်ကိုင်းမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၁၅၀ စင်တီမီတာဖြစ်ပြီး ယနေ့အချိန်ထိ ဆက်လက်မြင့်တက်လျက်ရှိရာ မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၁၁၉၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အနိမ့်ပိုင်းရပ်ကွက်တချို့နှင့် ဧရာဝတီမြစ်နံဘေးရှိ နောက်ကြည့်ကျွန်းကျေးရွာ၌ရေများ ဝင်ရောက်လာကာ အဆိုပါကျေးရွာရှိ အိမ်ထောင်စုများအား ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်သောင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့မှ ရဲမှူး သန်းနိုင်နှင့် တပ်ဖွဲ့ဝင်များသည် ကျေးရွာသို့သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး လူနှင့် တိရစ္ဆာန်များကို ရေလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြသည်။ **(ယာပုံ)**

နောက်ကြည့်ကျွန်းကျေးရွာရှိ လူပ်ရှားမှုရဲကင်းတွင် ရဲကင်းတာဝန်ကျတပ်ဖွဲ့ဝင်များအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် စက်လှေတစ်စင်းနှင့် အသက်ကယ် အင်္ကျီများကို မြို့နယ်ရဲတပ်ဖွဲ့မှူးက စီစဉ်ဆောင်ရွက်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**



# ငြိမ်းချမ်းရေးအတွက် ပညာရေး စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**

တက္ကသိုလ်ဆရာ ဆရာမများအသင်းက စီစဉ်ကျင်းပသည့် Education for Peace ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် ဒုတိယထပ်၌ ကျင်းပခဲ့သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် စာရေးဆရာ ဒေါက်တာခင်မောင်ညို၊ ဦးကိုကိုကြီး(၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)၊ ဦးတင်မောင်ဝင်း (ILBC ကျောင်းအုပ်ကြီး) နှင့် ဦးစိုင်းညွန့်လွင် (အတွင်းရေးမှူး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

ထိုသို့ ဆွေးနွေးကြရာတွင် နိုင်ငံရေးတွင် လွတ်လပ်မှုရှိမှသာ ပညာရေးတွင် လွတ်လပ်မှုရှိမည်အကြောင်း၊ ပညာရေးဦးတည်ချက်သည် ငြိမ်းချမ်းရေးအတွက်ဖြစ်ကြောင်း၊ နိုင်ငံရေးသိပ္ပံအကြောင်း၊ ပါတီချစ်စိတ် အဖွဲ့အစည်းချစ်စိတ်ထက် နိုင်ငံချစ်စိတ်က အားနည်းနေသည့်အကြောင်း၊ မျိုးချစ်စိတ်ထက် နိုင်ငံချစ်စိတ်က ပိုကောင်းကြောင်း၊ မျိုးချစ်စိတ်ထက် နိုင်ငံချစ်စိတ်ဖြစ်ပေါ်လာအောင် ပညာရေးကဏ္ဍမှ တွန်းပို့ရန် လိုအပ်ကြောင်း၊ တက္ကသိုလ် များသည် အစိုးရအပေါ် အမှီအခိုကင်းပြီး လွတ်လပ်စွာစီမံ အုပ်ချုပ်ခွင့်ရရန် အကြောင်းတို့ကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးက "ငြိမ်းချမ်းရေးကို ပညာသင်ကြားရေးရဲ့ဦးတည်ချက်အဖြစ် သတ်မှတ်မယ်ဆိုရင် ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်မယ့် သင်ကြားပို့ချမှုတွေ၊ သင်ရိုးညွှန်းတမ်းတွေ လိုပါတယ်။ ငြိမ်းချမ်းရေးလို့ပြောရင် အမုန်းက အင်မတန်ကျယ်ပြန့်တယ်။ ပစ်တာခတ်တာ သေနတ်သံတွေရပ်သွားရုံသက်သက်မဟုတ်ဘူး၊ ရုပ်ပိုင်းဆိုင်ရာ မကြောင့်မကြတဲ့ အခြေအနေမျိုး ဖန်တီးနိုင်ရမယ်၊ စိတ်ပိုင်းဆိုင်ရာလည်း လုံခြုံမှုရှိရမယ်၊ လက်တွေ့အခြေခံကျတဲ့ ငြိမ်းချမ်းရေးကို သွားမယ်ဆိုရင် ကျွန်တော်တို့က သမိုင်းတွေသင်တာရှိတယ်၊ မြန်မာစာတွေသင်တာရှိတယ်၊ အထူးသဖြင့်တော့ ဝိဇ္ဇာဘာသာရပ်တွေ သင်တယ်။ အဲဒီမှာ သမိုင်းကို သင်ပြီဆိုရင် လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်နေတဲ့နိုင်ငံမှာ သမိုင်းဟာ အားလုံး ဘုံလက်ခံတဲ့သမိုင်းဖြစ်ပြီလား။ ပြီးရင် အနာဂတ်မှာဒီပုံစံမျိုး တည်ဆောက်ချင်တယ်ဆိုတာကို စိတ်ကူးနိုင်တဲ့၊ ပုံဖော်နိုင်တဲ့ အခြေခံအချက်အလက်တွေရပြီလားဆိုတာကို ကျွန်တော်တို့ ပြန်လေ့လာဖို့လိုပါတယ်။ သင်ကြားမှုမှာ ကိုယ်ကိုယ်တိုင်က အားလုံးနဲ့ အကျုံးဝင်တဲ့သင်ကြားမှုမျိုးဖြစ်ဖို့လိုတယ်။ နောက်တစ်ခုက လူ့ရဲ့စိတ်နေစိတ်ထား အမူအကျင့် တွေးခေါ်ပုံတွေကိုပါ အခြေခံချပေးနိုင်တဲ့ ပညာရေးမျိုး၊ကျင့်ဝတ်ကို အခြေခံတဲ့ ပညာရေးမျိုးဖြစ်ဖို့လိုတယ်" ဟု ပြောကြားခဲ့သည်။

၎င်းက ဆက်လက်၍ "ပညာရေးကထွက်တဲ့ ထွက်ကုန်ဟာ လူသားအရင်းအမြစ်တွေ။ လူသားအရင်းအမြစ်တွေကို ပြုစုပျိုးထောင်တာဟာ နိုင်ငံတစ်နိုင်ငံမှာ တန်ဖိုးအကြီးဆုံး ရင်းနှီးမြှုပ်နှံမှုပဲ။ အဲဒီထွက်လာတဲ့ ထွက်ကုန်တွေဟာမျိုးဆက်အလိုက် ငြိမ်းချမ်းရေးကို မြတ်နိုးတဲ့၊ ငြိမ်းချမ်းရေးကိုတည်ဆောက်မယ့်၊ ငြိမ်းချမ်းရေးကိုထိန်းသိမ်းမယ့် မျိုးဆက်တွေဖြစ်လာဖို့ဆိုတာ ဒီကျောင်းစာသင်ခန်းကနေ စပြီးတော့ ပြုစုပျိုးထောင်ဖို့ လိုမယ်လို့ ကျွန်တော်ကတော့ မြင်ပါတယ်"ဟုပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်သူများကလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**






# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးသိန်းစိန်နှင့် "ဝ"အထူးဒေသ (၂)မှ ဦးပေါက်ယူယိ ဦးဆောင်သည့် အဖွဲ့၊ အထူးဒေသ (၄) မိုင်းလားမှ ဦးစိုင်းလင်းဦးဆောင်သည့်အဖွဲ့တို့ တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၀**

"ဝ"အထူးဒေသ(၂) မှ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ ဗဟိုပေါလစ်ဗျူရိုအမြဲတမ်းကော်မတီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူယိ ဦးဆောင်သည့် အဖွဲ့**(အပေါ်ပုံ)**နှင့် အထူးဒေသ(၄) မိုင်းလား၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သည့်အဖွဲ့တို့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသိန်းစိန်အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပါတီဌာနချုပ်အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းရင်းသားပြည်သူအားလုံး လက်ခံနိုင်သော စစ်မှန်သည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကိစ္စရပ်များ၊ နိုင်ငံအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**မြန်မာ့ရုပ်မြင်သံကြား**
News Channel
၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**
၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - **အမျိုးသမီးများနည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း**(အပိုင်း-၁)
၁၂း၅၀ - ဆေးရောင်စုံရုပ်ရှင် **ချစ်ခြင်း၏ အခြားမဲ့၌**
၁၆း၁၅ - နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့်မိုးရာသီစာအုပ်စျေးရောင်းပွဲတော်
၁၇း၄၀ - ၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(မြန်မာနှင့်သြစတြေးလျ)**
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - **အမျိုးသမီးများနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း** (အပိုင်း-၂)

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီအစည်းအဝေးပြီးဆုံး၊ ဖြည့်စွက်ပြင်ဆင်ချက်များဖြင့် ဘုံသဘောထားများရယူစုစည်းနိုင်ခဲ့

**သတင်း- ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

**မိုင်ဂျာယန် ဇူလိုင် ၃၀**

ကချင်ပြည်နယ် မိုင်ဂျာယန်တွင် ဇူလိုင် ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်တာ ပြုလုပ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မျက်နှာစုံညီ အစည်းအဝေးတွင် အဓိကရည်ရွယ်ချက်နှစ်ခုဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံကျင်းပရေးအတွက် အကြိုညှိနှိုင်းခြင်းနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ခြင်းဆိုင်ရာ ဘုံသဘောထားရပ်တည်ချက်များ ရယူရေးတို့ကို အခြေခံ၍ အပြန်အလှန်ဆွေးနွေးချက်များ ဖြည့်စွက်ချက်များ၊ ပြင်ဆင်ချက်များဖြင့် ဘုံသဘောထားများကို ရယူစုစည်းနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ပဉ္စမနေ့ အစည်းအဝေးကို နံနက် ၈ နာရီခွဲတွင် စတင်ကျင်းပခဲ့ပြီး သဘာပတိအဖြစ် KIO ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လက တာဝန်ယူဆောင်ရွက်ခဲ့သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် အလုပ်အဖွဲ့အသီးသီးမှ ထပ်မံပြင်ဆင်ရေးသားထားသည့် စာတမ်းများအား တင်သွင်းဆွေးနွေးခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆက်စပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ ရေးဆွဲခြင်း၊ အစည်းအဝေးထုတ်ပြန်ကြေညာချက်အား ဖတ်ကြားအတည်ပြုခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ယနေ့အစည်းအဝေးကို ည ၇ နာရီတွင် ရုပ်သိမ်းခဲ့ပြီး အစည်းအဝေးကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ခူဦးရယ်က ကျေးဇူးတင်စကားပြောကြား၍ သဘာပတိက အခမ်းအနား ပိတ်သိမ်းသည့် နှုတ်ခွန်းဆက် အမှာစကား ပြောကြားခဲ့သည်။ အခမ်းအနားအပြီးတွင် အစည်းအဝေးကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ခူဦးရယ်ဦးဆောင်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။





ရေဝတီတိုင်းဒေသကြီး အသုတ်မြို့၌ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်မှူးက ငှက်ပျောတောကွင်းကျေးရွာ ဒေသခံများအား ဇူလိုင်လ တတိယပတ်က လက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ဆွေးနွေးဟောပြောစဉ် (မြန်မာ့အလင်း)

# ဗီယက်နမ်အသင်း လက်ရှိချန်ပီယံထိုင်းကို အနိုင်ယူပြီး အုပ်စု ပထမရရှိ

**မန္တလေး ဇူလိုင် ၃၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် အာဆီယံအမျိုးသမီးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက မန္တလာသီရိကွင်း၌ ကျင်းပရာ ဗီယက်နမ်အသင်း အုပ်စုပထမရရှိခဲ့သည်။

ပထမပွဲတွင် ဖိလစ်ပိုင်အသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဖိလစ်ပိုင်အတွက် အနိုင်ဂိုးများကို ဇီလ်ဆင်ကသွင်းယူပေးခဲ့သည်။ အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲတွင် ဗီယက်နမ်အသင်းက လက်ရှိချန်ပီယံထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဗီယက်နမ်အတွက် အနိုင်ဂိုးများကို ၈၂ မိနစ်တွင် ဟူယန်နှု၊ ၉၄ မိနစ်တွင် ငုယင်သီငုယက်တို့က သွင်းယူခဲ့သည်။

အုပ်စု(က) ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက ကိုးမှတ်ဖြင့် ပထမ၊ ထိုင်းအသင်းက ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ်တက်သွားပြီး ဖိလစ်ပိုင်အသင်းက သုံးမှတ်၊ စင်ကာပူက အမှတ်မရဘဲ အုပ်စုမှထွက်ခဲ့ရသည်။

**ယနေ့ပွဲ**
**ညနေ ၃ နာရီ**
**မလေးရှား - တီမော**
**ညနေ ၆ နာရီ**
**မြန်မာ - သြစတြေးလျ ယူ-၂၀**

ညီမြတ်သော်တာ

# အစင်ကျေးရွာအအေးခန်းစက်ရုံများမှ ပြည်ပသို့ငါးတင်ပို့မှုယခင်နှစ်များထက် ကျဆင်းဖွယ်ရှိ

**ရေး ဇူလိုင် ၃၀**

မွန်ပြည်နယ် ရေးမြို့နယ်၏ရေလုပ်ငန်းအဓိကလုပ်ကိုင်လျက်ရှိသော အစင်စံပြကျေးရွာရှိ ပင်လယ်ငါးများမှတစ်ဆင့် ငါးရေခဲစိမ်အအေးခန်းစက်ရုံများမှာ သံလွင်အေး၊ မြန်မာရွှေယင်း၊ ပန်ဒါအအေးခန်းစက်ရုံများက ယခင်နှစ်များထက် ပြည်ပပို့ကုန် တင်သွင်းရောင်းချမှုမှာ လျော့နည်းကျဆင်းလာဖွယ်ရှိကြောင်း သံလွင်အအေးခန်း



စက်ရုံမှ တာဝန်ရှိသူဦးမင်းထွဋ်က ပြောသည်။

"ကျဆင်းလာတဲ့ အဓိကအကြောင်းအရင်းကတော့ သဘာဝမိုးလေဝသရာသီဥတုနဲ့လည်း ဆိုင်ပါတယ်။ လှိုင်းလေကြီးပြီး ပင်လယ်ငါးဖမ်းလုပ်ငန်းခွင်ကို အချိန်ပြည့်မလုပ်နိုင်တာရယ်၊ ပင်လယ်ငါးဖမ်းလုပ်ငန်းကို ၄၀ ရာခိုင်နှုန်းလောက်ပဲ ဖမ်းဆီးရတဲ့အတွက် ငါးကုန်ကြမ်းရရှိမှုမှာ အရင်နှစ်ကထက် နည်းပါးနေပါတယ်။ ပြည်ပတင်ပို့ရောင်းချရာမှာလည်း ဒေါ်လာဈေးအတက်အကျပေါ်မူတည်ပြီး အကျိုးအမြတ်ပါပြောင်းလဲနေတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

လက်ရှိအစင်ကျေးရွာအအေးခန်းစက်ရုံတွင် စက်ရုံအလုပ်သမားပေါင်း ၃၀၀ ခန့် ဝင်ရောက်လုပ်ကိုင်လျက်ရှိပြီး အလုပ်သမားတစ်ဦးလျှင် အမျိုးသားပျမ်းမျှလစာ ငွေကျပ် ၁၆၇၀၀၀ ရှိပြီး အမျိုးသမီးလစာငွေကျပ် ၁၄၄၀၀၀ ဖြစ်ကာ လစာအပြင် နှစ်ကုန်အထိ အလုပ်သမားတစ်ဦးမှာတစ်နေ့လျှင် ငွေကျပ် ၇၀၀ နှုန်းနဲ့ အပိုလုပ်ခအဖြစ် ထပ်မံပေးနေကြောင်း အအေးခန်းစက်ရုံတစ်ခုမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရေးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုနှစ် အစီရင်ခံစာနှစ်ချုပ်စာရင်းမှတ်တမ်းများအရ အဆိုပါအအေးခန်းစက်ရုံများမှတစ်ဆင့် ရန်ကုန်ကုမ္ပဏီမှ ပြည်ပ အိမ်နီးချင်း တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမှု ငါးကုန်ကြမ်းကီလိုမှာ ၆၄၀၀၅၃ ဒသမ ၈၀ ဖြစ်ပြီး လက်ရှိ ၂၀၁၆ ခုနှစ် ဧပြီလမှ ဇွန်လအထိတင်ပို့နိုင်သော ငါးကုန်ကြမ်းများမှာ ကီလို ၁၉၇၇၅၇၄ ကို ပြည်ပပို့ကုန်အဖြစ် ရောင်းချထားပြီဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# မန္တလေးမြို့သို့ ဇွန်လအထိ နိုင်ငံခြားဧည့်သည်နှစ်သိန်းနီးပါး လာရောက်လည်ပတ်



**မန္တလေး ဇူလိုင် ၃၀**

မန္တလေးမြို့သို့ နိုင်ငံတကာမှဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိရာ ၂၀၁၆ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိစာရင်းများအရ ပြည်ပဧည့်သည် ၁၇၇၃၉၇ ဦး ဝင်ရောက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာမှု ညွှန်ကြားမှုဦးစီးဌာန စာရင်းများအရ သိရသည်။

ဧည့်သည်ဝင်ရောက်မှုကာလ နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၁၄၄၄၆၀ ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ၁၇၇၃၉၇ ဦး ဝင်ရောက်ခဲ့သဖြင့် ယမန်နှစ်ထက် ပိုမိုဝင်ရောက်ခဲ့ကြောင်းနှင့် ယခုနှစ်တွင် နိုင်ငံခြားသားလေးသိန်း ဝင်ရောက်ရန် ခန့်မှန်းထားကြောင်း အဆိုပါဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

မန္တလေးမြို့သို့ လာရောက်လည်ပတ်သည့် ပြည်ပဧည့်သည်များအနက် တရုတ်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အများဆုံးဝင်ရောက်ခဲ့ကြပြီး ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများနှင့် နယ်စပ်ဂိတ်များမှလည်း ဝင်ရောက်လည်ပတ်ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံ၌ နိုင်ငံတကာသုံးငွေပေးချေကတ် စတင်အသုံးပြုနိုင်တော့မည်

**မောင်စိန်လွင်**

**ရန်ကုန် ဇူလိုင် ၃၀**

မြန်မာနိုင်ငံ၏ ပြည်တွင်းဘဏ်တစ်ခုဖြစ်သော ရောဝတီဘဏ်နှင့် Union Pay International (UPI) တို့ ပူးပေါင်းအကောင်အထည်ဖော်သည့် AYA Universal Credit ကတ် နှင့် Debit ကတ်တို့ကို ဖွံ့ဖြိုးပြီး ကမ္ဘာ့နိုင်ငံများနည်းတူ အသုံးပြုနိုင်ရန် စတင်ထုတ်လုပ်ပေးတော့မည် ဖြစ်ကြောင်း ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရောဝတီဘဏ်ရုံးချုပ်၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ယခုထုတ်လုပ်မည့် နိုင်ငံတကာ သုံး AYA Universal ကတ်ကို ပြည်တွင်း ရောဝတီဘဏ်နှင့် Union Pay International (UPI) တို့ပူးပေါင်းကာ MPU အမှတ်အသားပါ Credit ကတ် နှင့် Debit ကတ်တို့ကို ပြည်တွင်း Union Pay သာမက ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ ကျော်၌ Union Pay ၏ကမ္ဘာ့ငွေပေးချေမှု Network မှတစ်ဆင့် လွယ်ကူစွာ ငွေပေးချေမှုများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခု ကမ္ဘာ့အဆင့်မီ ထုတ်လုပ်ပေးမည့် AYA Universal ကတ်သည် ပြည်သူများအနေဖြင့် တစ်လ ပုံမှန်ဝင်ငွေ တစ်သိန်းခွဲနှင့်အထက် ရရှိသောမည်သူမဆို အပ်ငွေပေးသွင်းစရာမလိုဘဲ ယနေ့မှစတင်ကာ ရောဝတီဘဏ်ရုံးချုပ်နှင့် ဘဏ်ရုံးခွဲများတွင် စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း၊ အဆိုပါကတ်ဖြင့် မြန်မာပြည် အနှံ့အပြား MPU နှင့် ချိတ်ဆက်ထားသော ဆိုင်များနှင့် ATM များသာမက နိုင်ငံပေါင်း ၁၆၀ ကျော်တွင်ရှိသော Union Pay's network နှင့် ချိတ်ဆက်ထားသည့် POS များနှင့် ATM များတွင်ပါ ငွေပေးချေထုတ်ယူသုံးစွဲမှုများ အသုံးပြုနိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့ အရင်က နိုင်ငံခြားငွေပေးချေမှုကတ်အနေနဲ့ Prepaid ကတ်တွေသာ ထုတ်ပေးခဲ့တာရှိပါတယ်။ ခုဟာကတော့ သုံးစွဲသူ ပြည်သူများအနေနဲ့ ကိုယ်နဲ့သင့်လျော်တဲ့ ကတ်တွေကို ရွေးချယ် အသုံးပြုနိုင်ပါပြီ။ အခုဒီကတ်ထုတ်ပေးတဲ့ ရည်ရွယ်ချက်ကတော့ တိုးတက်လာတဲ့ခေတ်နဲ့အညီ ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်တွင်းပြည်ပအသုံးပြုတဲ့သူတွေ အဆင်ပြေစေဖို့ပါ။ အရင်တုန်းက ATM ကတော့ လွယ်ကူတာပေါ့။ စင်ကာပူမှာဆို ATM ကတ်နဲ့အတူ Debit ကတ်နဲ့တွဲပြီး ထုတ်ပေးထားတာတွေရှိတယ်။ ကျွန်တော်တို့လည်း ခုနောက်ပိုင်းမှာ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမယ့် အလားအလာများရှိတဲ့အခါမှာ လူနေမှုဘဝပြောင်း လဲလာမှုအပေါ်မှာ မူတည်ပြီးတော့ နောက်ထပ်ကမ္ဘာ့နိုင်ငံတွေမှာ အသုံးပြုနေတဲ့ ကတ်မျိုးတွေ ထပ်မံထုတ်ပေးသွားဖို့ရှိပါတယ်"ဟု ရောဝတီဘဏ်မှ ဒါရိုက်တာ ဦးသူရမောင်က ပြောသည်။

AYA Universal Credit ကတ် နှင့် Debit ကတ်များကို အသုံးပြုလိုသူပြည်သူများအနေဖြင့် ပလက်တီနမ်၊ ရွှေ၊ ငွေဟူ၍ သုံးမျိုးခွဲခြားသတ်မှတ်လျှောက်ထားနိုင်ပြီး အသက် ၂၁ နှစ်ပြည့်ပြီး မြန်မာနိုင်ငံသားနှင့် အမြဲတမ်းနေထိုင်ခွင့်ရှိသူ လခစားဝန်ထမ်းများ၊ ကိုယ်ပိုင်လုပ်ငန်းရှင်များနှင့် အငြိမ်းစားဝန်ထမ်းများ စတင်လျှောက်ထားနိုင်ပြီဖြစ်သည်။ အဆိုပါ ကတ်သုံးမျိုးခွဲထားမှုမှာပလက်တီနမ်ကတ်လျှောက်ထား အသုံး ပြုလိုသူသည် လစဉ်ပုံမှန်ဝင်ငွေ သိန်း ၂၀ အထက်လည်းကောင်း၊ ရွှေကတ်အသုံးပြုလိုသူမှာ ငါးသိန်းအထက်လည်းကောင်းနှင့် ငွေကတ်အသုံးပြုလိုသူမှာ လစဉ်ပုံမှန် ဝင်ငွေတစ်သိန်းခွဲရှိရမည်ဖြစ်သည်။ ယင်းကတ်ကို သုံးစွဲသူပြည်သူများအနေဖြင့် နိုင်ငံတစ်ဝန်း ရောဝတီဘဏ်ခွဲများတွင် စတင်လျှောက်နိုင်ပြီဖြစ်ပြီး ဩဂုတ်၁၅ ရက်တွင် ကတ်များ စတင်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# သတ်မှတ်ကုန်တန်ချိန်နှင့်ယာဉ်အရွယ်အစား သတ်မှတ်နိုင်ရေး ယာဉ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**မြောင်းမြ ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရန်ကုန်-မြောင်းမြ အဝေးပြေးကားလမ်းရှိ မြောင်းမြလမ်းပိုင်းပေါ်တွင် ယာဉ်-ကုန်(၁၀)တန်အတွင်း သာ ဖြတ်သန်းသွားလာခွင့်ပြုရန် ညွှန်ကြားထားသော်လည်း ကုန်ကား ကြီးများ ညအချိန် တန်ပိုကြေးများပေးဆောင်၍ ဖြတ်သန်းသွားလာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြောင်းမြခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ တွေ့ဆုံပွဲ၌တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦးက မည်သို့ဆောင်ရွက်ထားရှိသည်ကို မေးမြန်းထားချက်အပေါ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိဌာနဆိုင်ရာများ၊ ကုန်ကားလုပ်ငန်းရှင်များ ဇူလိုင် ၂၉ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရီးသည်ပို့ဆောင်ရေးယာဉ်များမှာ ညွှန်ကြားချက်အတိုင်းကားကြီးများအစား ကားလတ်၊ ကားငယ်များ အစားထိုးကာ ခရီးသည်နှင့်ယာဉ် မျှတမှုမရှိဘဲ လိုအပ်ချက်အရ ခေါက်ရေတိုးကာ ပြေးဆွဲလျက်ရှိနေပြီး လမ်းကိုအကြောင်းပြု၍ ကန့်သတ်လျှင်လည်း တစ်ပြေးညီဆောင်ရွက်သင့်ကြောင်းခရီးသည် ယာဉ်လိုင်းပို့ဆောင်ရေးမှ ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

လက်ရှိအခြေအနေတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထုတ်ပြန်ကြေညာချက်သည်သာဥပဒေအသစ် မပြင်ဆင်သေးမီအချိန်အထိ အတည်သာလျှင်ဖြစ်ပြီး မြောင်းမြလမ်းပိုင်းအတွင်း ခွင့်ပြုအလေးချိန်ထက်ကျော်လွန်သော အထူးသဖြင့် ကုန်ကားကြီးများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ၊ မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများပါဝင်သော Mobile Team အဖွဲ့ ဖွဲ့စည်းကာ မြို့အဝင်၊ မြို့အထွက်တွင် နေ့ည တာဝန်ယူစစ်ဆေး၊ စောင့်ကြပ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက ပြောကြားကာကုန်ကားလုပ်ငန်းရှင်များနှင့် တက်ရောက်လာသူများ၏ သိရှိလိုသည်များကို လမ်းဦးစီးဌာန မြောင်းမြမြို့နယ်ဦးစီးမှူး ဦးအေးမင်းက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်မှ ယာဉ်ကြီးများလမ်းအသုံးပြုမှု တရားဝင်ခွင့်ပြုချက်မှာ ၁၆ ဒသမ ၉ တန်အထိခွင့်ပြုချက် ရှိထားသော်လည်း မြောင်းမြမြို့၌ မိုးဥတုကာလအတွင်း လမ်းပိုင်းများ ရေရှည်ကြံ့ခိုင်မှုအတွက် ကားကြီးအရှည် ၁၄ ပေ၊ ၁၀ တန်အထိသာ ဖြတ်သန်းခွင့်ပြုပေးထားကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ရန်ကုန်မြို့ပတ်ရထားများပေါ်၌လုံခြုံရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများ လိုက်လံစစ်ဆေး

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးလင်းထွဋ်၊ မြန်မာ့မီးရထား တိုင်း(၇)မှ ကြီးကြပ်ရေးမှူး(စက်မှု)ဦးသွင်ဦး၊ ဦးသိန်းဝင်းနှင့် အမှတ်(၃)ရထားရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ တာဝန်ရှိသူများသည် ရန်ကုန်မြို့ပတ်ရထားများပေါ်တွင် ရထားရဲတပ်ဖွဲ့ဝင်များမှ လုံခြုံရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ဇူလိုင် ၂၆ ရက်က ကြပ်မတ်စစ်ဆေးခဲ့သည်။

ရထားရဲတပ်ဖွဲ့ဝင်များသည် ရန်ကုန်မြို့ပတ်ရထားများပေါ်တွင် လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၁၆ ခုနှစ် မေလဆန်းမှစ၍ ယနေ့အထိ ရန်ကုန်မြို့ပတ်ရထားပေါ်၌ မှုခင်းနှစ်မှုသာဖြစ်ပွားခဲ့ပြီး ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ရန်ကုန်မြို့ပတ် (၃၈) ဘူတာနှင့်မြို့ဆင်ခြေဖုံးရှိ ဘူတာ ၁၇ ဘူတာ စုစုပေါင်း ၅၅ ဘူတာများသို့လက်ဝဲရစ်၊ လက်ယာရစ်များဖြင့် ရန်ကုန်မြို့ပတ်ရထား RBE ၁၀ စင်းနှင့် ရိုးရိုးရထား ၁၃ စင်း ပေါင်း ၂၃ စင်းကို နေ့စဉ်ခေါက်ရေ ၂၂၈ ပြေးဆွဲပေး လျက်ရှိကြောင်း၊ ရန်ကုန်မြို့ပတ်/လော်ကယ်ရထား ၂၃ စင်းတွင် ရထားရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၁၂၀ ဖြင့် နေ့စဉ်နံနက် ၃ နာရီမှ ည ၁၀ နာရီခွဲအထိ နေ့ညမပြတ် လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



သစ်တောသစ်ပင် ဒို့ချစ်ခင်
သစ်ပင်စိုက်ပျိုး အလှတိုး

## အမြန်လမ်းပေါ်၌မတော်တဆမှုဖြစ်ပါက အရေးပေါ်ဆေးအကူအညီရရှိရန် ၁၉၂ သို့ ဆက်သွယ်နိုင်

**မိတ္ထီလာ ဇူလိုင် ၃၀**

မိတ္ထီလာခရိုင်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုများဖြစ်ပေါ်ပါက ၂၈၅ မိုင်ရှိ အရေးပေါ် ရှေးဦးပြုစုခြင်းစခန်းအပြင် အလည်ရွာကျေးရွာတိုက်နယ်ဆေးရုံတွင် အခြေစိုက်ထားရှိသည့် အမြန်လမ်းအရေးပေါ်ဆေးပညာအကူအညီပေးရေးအဖွဲ့ ၁၉၂ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

အမြန်လမ်းအရေးပေါ်ဆေးပညာအကူအညီပေးရေးအဖွဲ့အား အဖွဲ့နှစ်ခုဖြင့် ဖွဲ့စည်းထားပြီး အလည်ရွာကျေးရွာ တိုက်နယ်ဆေးရုံတွင် တစ်ဖွဲ့နှင့် မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံကြီးတွင် တစ်ဖွဲ့ထားရှိသည်။ အဖွဲ့တစ်ဖွဲ့စီတွင် အရေးပေါ်ဆေးပညာအကူအညီပေးနိုင်မည့် အရေးပေါ်ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများခေတ်မီပြည့်စုံစွာတပ်ဆင်ထားသည့် လူနာတင် မော်တော်ယာဉ်တစ်စီး၊ ယာဉ်မောင်း သုံးဦး၊ အကူ ရှစ်ဦးစီပါသည်။

မိတ္ထီလာခရိုင်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားလျှင် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်း ဖုန်း-၀၉-၂၂၀၁၉၆၂၊ ၀၉-၂၅၆၁၀၄၉၀၄ နှင့် အမြန်လမ်းအရေးပေါ်ဆေးပညာအကူအညီပေးရေးအဖွဲ့ ၁၉၂ သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ပြင်ဦးလွင်၌ ယာဉ်မတော်တဆမှုကြောင့် တစ်ပတ်လျှင်လူတစ်ဦးနှုန်းသေဆုံး

**ပြင်ဦးလွင် ဇူလိုင် ၃၀**

ပြင်ဦးလွင်မြို့တွင် ဇန်နဝါရီလမှ ဇွန်လအထိ ရက်ပေါင်း ၁၈၀အတွင်း ယာဉ်တိုက်မှုပေါင်း ၇၄ မှုရှိခဲ့ပြီး ဒဏ်ရာရရှိသူပေါင်း ၁၅၀၊ သေဆုံးသူပေါင်း ၃၁ ဦးရှိခဲ့သည့်အတွက် တစ်ပတ်လျှင် လူတစ်ဦးနှုန်း သေဆုံးလျက်ရှိနေသည်မှာ ယာဉ်မတော်တဆမှုကြောင့်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့ အမှတ်(၉၄) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဝင်းသိန်း၏ ပြောပြချက်အရ သိရသည်။

ထိုသို့ဖြစ်ပွားလျက်ရှိသောကြောင့် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန် ဒုတိယရဲမှူးနှင့်တပ်ဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများ၊ ရပ်ကွက် ကျေးရွာအတွင်းနေထိုင်သူများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကို နေရာဒေသအလိုက် အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ဥပဒေအရအရေးယူဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အရေးယူဆောင်ရွက်မှုများတွင် ရက်ပေါင်း ၁၈၀ အတွင်း မော်တော်ဆိုင်ကယ်ပေါင်း ၁၃၇၉ စီး၊ မော်တော်ယာဉ်မျိုးစုံ ၁၉၇ စီးတို့ကို ဖမ်းဆီးအရေးယူ၍ အမှုတစ်မှုလျှင် ဒဏ်ငွေ ငွေကျပ်၂၀၀၀၀ ကို တရားရုံးသို့ ယာဉ်မောင်းသူကိုယ်တိုင်သွားရောက်ပေးဆောင်စေလျက် နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## ညောင်ရွှေ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး

**ညောင်ရွှေ ဇူလိုင် ၃၀**

ရှမ်းပြည်နယ် ညောင်ရွှေမြို့အဝင် ရွှေဗောဓိစေတီအရှေ့ဘက်၌ မြို့နယ်ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ဇူလိုင်လနောက်ဆုံးပတ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုးနှင့်အဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့မှ ရဲမှူး မြင့်ဆွေဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်ကြီးသုံးစီး၊ ယာဉ်ငယ်နှစ်စီး၊ မော်တော်ဆိုင်ကယ်အစီး ၈၀ နှင့် ထော်လာဂျီနှစ်စီးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပေးဆောင်ရွက်ပြီး အသိပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**မောင်မွှေး**



## ဒီမောဆိုမြို့နယ် ဒေါတမကြီးကျေးရွာအုပ်စု ဒေါညေးခူကျေးရွာအထက(ခွဲ)ကျောင်းဆောင်သစ်ဖွင့်

**ဒီးမော့ဆို ဇူလိုင် ၃၀**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေဖြင့် လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဒီမောဆိုမြို့နယ် ဒေါတမကြီးကျေးရွာအုပ်စု ဒေါညေးခူကျေးရွာအထက(ခွဲ)ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လူထုစစ်ဆေးပွဲအခမ်းအနားကိုဇူလိုင် ၂၈ ရက်က အဆိုပါ အထက(ခွဲ)ကျောင်းဆောင်သစ်၌ ကျင်းပခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြု စီမံကိန်း တာဝန်ခံ ဦးဆော်ရယ်က ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျော့ချရေးနှင့် ကျေးလက်ဒေသ အဆောက်အအုံများ တိုးတက်လာစေရေးအတွက် လူထုဗဟိုပြုစီမံကိန်းမှ လေးနှစ်ဆက်တိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘောစကို၊ ပြည်နယ်လွှတ်တော် ဦးသိန်းအောင်စံရယ်တို့မှ အထက(ခွဲ) ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

## ပညာသင်ကလေးငယ် ၂၈ ဦးတို့အတွက် အလှူရှင်များလိုအပ်လျက်ရှိ

**ဖြူး ဇူလိုင် ၃၀**



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးအရှေ့ဘက် ဖြူး-အုတ်ဖြတ်ကားလမ်း ညောင်ပင်သာကျေးရွာမြောက်ဘက် တစ်မိုင်ခန့်အကွာ တံခွန်တိုင်ကျေးရွာအုပ်စု သပြေသာကျေးရွာ (ရွှေသပြေသာ ဘုန်းတော်ကြီး)(ဘ-က)ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်းသို့ မြေ ၅ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ကျောက်တစ်လုံးကြီးဒေသ နောင်ဟိုင်းကြီးကျေးရွာမှ မိဘမဲ့အများစုပါဝင်သော ကျောင်းသား ကျောင်းသူ ၂၈ ဦးတို့သည် ဘုန်းတော်ကြီးတစ်ပါး၏ ဆက်သွယ်ပေးမှုဖြင့် ရောက်ရှိလာခဲ့သည်။

ယင်းသို့ ရောက်ရှိလာခဲ့ကြသော ကျောင်းသား ကျောင်းသူ ကလေးသူငယ်များအား သပြေသာရွာ (ရွှေသပြေသာ)ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသိရိန္ဒက ရောက်သည့်နေ့မှစ၍ ကလေးသူငယ် ကျောင်းသား ကျောင်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးများကို ဘက်ပေါင်းစုံမှ တာဝန်ယူစောင့်ရှောက်ကာ ပညာရေးကို KG တန်းမှ အဋ္ဌမတန်းအထိ ဘုန်းတော်ကြီး (ဘ-က)ကျောင်းတွင် လည်းကောင်း၊ အလယ်တန်းပညာကို ဖြူးမြို့ရှိ အထက(၂)သို့လည်းကောင်း ပညာသင်ကြားစေလျက်ရှိသည်။

မူလတန်းအဆင့်ရှိ ကျောင်းသား ကျောင်းသူလေးများအား ဘုန်းတော်ကြီး မူလတန်းကျောင်းတွင်ပင် ဆရာမသုံးဦးတို့နှင့် ပညာသင်ကြားပေးလျက်ရှိသည်။ ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးများကို ပတ်ဝန်းကျင်မှ ပြည်သူများက စေတနာအလျောက် လာရောက်လှူဒါန်းမှုကိုသာ လက်ခံခဲ့သည်။ ကလေးများ၏ စားရေးအတွက် နံနက်၊ မွန်းလွဲ၊ ညနေစာတို့ကို သပြေသာရွာမှ လုပ်အားဒါန ကုသိုလ်ပြုလျက်ရှိသူ ဒေါ်ခင်ဝင်း (၆၁ နှစ်)က နေ့စဉ်တာဝန်ယူ ချက်ပြုတ်ကျွေးမွေးလျက်ရှိသည်။

"ရေရှည်အကျိုးအတွက် ပြောရမယ်ဆိုရင်တော့ အလှူရှင်များ ငွေ၊ မိုး၊ ဆောင်း လာရောက်လှူဒါန်းကြတဲ့အခါ သွားလာမှုလွယ်ကူ စေရေးအတွက် ညောင်ပင်သာရွာနဲ့ သပြေသာ ဆက်သွယ်ရေး လူသွားလမ်းကောင်းမွန်ဖို့ လိုပါတယ်။ နောက်ပြီး ကလေးတွေရဲ့ ကျန်းမာရေးအတွက် ဆေးပညာကျွမ်းကျင်သူတို့က တစ်လတစ်ခါ၊ နှစ်ခါလောက် ကျန်းမာရေးစစ်ဆေးပေးပြီး လိုအပ်တဲ့ ဆေးဝါးများကို ပေးအပ်လှူဒါန်းရင် အဆင်ပြေပါတယ်။ နောက်တစ်ခုက ကလေးတွေ အခုနေရတဲ့ အဆောင်က ကျဉ်းကျပ်တော့ ကလေးတွေနေဖို့အတွက် အဆောက်အအုံလိုပြီး သန့်ရှင်းသပ်ရပ်သောရေအိမ်သာနှင့် ဝတ်ဖို့တို့ကို တတ်စွမ်းသလောက် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု (ရွှေသပြေသာ) ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ သိရိန္ဒက မိန့်ကြားသည်။

**(ဖြူး-မြင့်ဦး)**



**ဇူလိုင် ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့တောင်ငူခရိုင် တောင်ငူမြို့နယ် ရဲတပ်ဖွဲ့က ကော်ဖီဆိုင်များတွင် အလုံပိတ်အခန်းများ ဖွင့်လှစ်ထားခြင်း ရှိ မရှိ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဖေ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးအဖွဲ့၊ အမှတ်(၂) နယ်မြေရဲစခန်းမှူး၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့ လိုက်လံစစ်ဆေးကြစဉ်**

သူရ (တောင်ငူ)

## မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချပွဲနှင့် မူးယစ်ဆေးဝါးကင်းစင်ကျေးရွာ ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၃၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းရွှေဒိုးကျေးရွာအုပ်စု သုံးတိုင်ကျေးရွာသည် မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ရောင်းချသူမရှိသည့်ကျေးရွာဖြစ်ပြီး ကျေးရွာမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့တွင် လူငယ်အဖွဲ့များက တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာ ဗုဒ္ဓရိပ်ဘုန်းကြီးကျောင်း၌ ဇူလိုင်လ စတုတ္ထပတ်က မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချပွဲပြုလုပ်ခဲ့ရာ သုံးတိုင်ကျေးရွာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့ဝင် ဦးတင်ဇော်ဦးက မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်းတို့အား လုံးဝလက်မခံကြောင်း၊ ဆန့်ကျင်ကြောင်းအဆိုအား တင်ပြခဲ့ရာ သုံးတိုင်ကျေးရွာနေ ဦးလှထွန်းနှင့် ဦးသန်းနိုင်တို့က ထောက်ခံဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက ကြွေးကြော်သံများဖြင့် ဆန့်ကျင်ရှုတ်ချခဲ့ကြသည်။

ဆက်လက်၍ သုံးတိုင်ကျေးရွာ ဇမိသုခ စာကြည့်တိုက်ရှေ့တွင် သုံးတိုင်ကျေးရွာအား မူးယစ်ဆေးဝါးကင်းစင်ကျေးရွာ ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကိုကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စာချဆရာတော် ဦးဝိဇယက သြဝါဒမိန့်ကြားသည်။

ထို့နောက် မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းထွန်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆရာတော်နှစ်ပါး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆိုင်းဘုတ်အား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ သုံးတိုင်ကျေးရွာ ဗုဒ္ဓရိပ်ကျောင်းဆရာတော်နှင့် စာချဆရာတော်၊ ဓမ္မစကူးကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အမေရိကန်လုပ်လေယာဉ်များ အီရန်သို့ပျံသန်းခွင့်ပြု

**ဝါရှင်တန် ဇူလိုင် ၃၀**

အမေရိကန်ပြည်ထောင်စုက ထုတ်လုပ်သောလေယာဉ်များ အီရန်နိုင်ငံသို့ ပျံသန်းခွင့်ကို နိုင်ငံခြားလေကြောင်းလိုင်းများအား ခွင့်ပြုပေးလိုက်ကြောင်း အမေရိကန်ပြည်ထောင်စုက သောကြာနေ့တွင် ပြောခဲ့သည်။

အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုများ ဖယ်ရှားလိုက်ပြီးနောက် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်သည့်အခါ လေကြောင်းကုမ္ပဏီများကို ထောက်ပံ့မှု အပြည့်အဝပေးခြင်းပင်ဖြစ်သည်။

အမေရိကန်ဘက်မှ အမေရိကန်လုပ်လေယာဉ်များ အီရန်နိုင်ငံသို့ ယာယီပျံသန်းခွင့်ပေးခဲ့ကြောင်း ကြေညာခဲ့သည်။ တူရကီလေကြောင်းလိုင်းနှင့် လုဖ်သန်ဆာကဲ့သို့သော လေကြောင်းလိုင်းများနှင့်အခြား လေကြောင်းလိုင်းများ အီရန်သို့ပျံသန်းရာ၌ အမေရိကန်လုပ် လေယာဉ်များကို အသုံးပြုခွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။




အီရန်နိုင်ငံနှင့် ချုပ်ဆိုခဲ့သော နျူကလီးယားစာချုပ်အရ အမေရိကန်ကုမ္ပဏီများအီရန်သို့ လေယာဉ်ရောင်းချခွင့်လိုင်စင် ထုတ်ပေးရေးခွင့်ပြုထားသည်။ သို့သော် ဘိုးရင်းကုမ္ပဏီနှင့် အီရန်နိုင်ငံတို့ကြားမှ သဘောတူညီမှု အဆိုပြုချက်သည် အမေရိကန် ကွန်ဂရက်စ်အဖွဲ့ဝင်များကို မကျေမလည်ဖြစ်စေသည်။

သောကြာနေ့က ထုတ်ပြန်သော သဘောတူညီမှုသည် ဘိုးရင်းကုမ္ပဏီနှင့် ချုပ်ဆိုထားသော စာချုပ်ကို သက်ရောက်မှုရှိမည်မဟုတ်ပေ။ အမေရိကန်လုပ်လေယာဉ်များသည် အမေရိကန်နိုင်ငံက ပိတ်ဆို့မှုများ ပြုလုပ်ထားသောနိုင်ငံများဖြစ်သည့် ကျူးဘား၊ ဆူဒန်၊ ဆီးရီးယားနှင့် မြောက်ကိုရီးယား နိုင်ငံများသို့ ပျံသန်းခွင့်ပြုထားသည်။

**(ရိုက်တာ)**

# ယန်စီမြစ်လှေနစ်မြုပ်မှု လူ ၁၀ ဦးအားကယ်တင်နိုင်ခဲ့

**ခြံချင်း ဇူလိုင် ၃၀**

တရုတ်နိုင်ငံ အနောက်တောင်ဘက် ခြံချင်းစည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ယန်စီမြစ်အတွင်း ဇူလိုင် ၂၉ရက်က လှေတစ်စင်းနစ်မြုပ်ပြီး နောက် လူ ၁၀ ဦးအားကယ်တင်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လှေနစ်မြုပ်မှုသည် ဒန်နင်မြစ်နှင့် ယန်စီမြစ်ဆုံရာ ဝူရှန်စီရင်စုတွင် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၄၀ က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဝူရှန်စီရင်စုအာဏာပိုင်များက အစီရင်ခံစာတွင် ဖော်ပြသည်။

အစောပိုင်းက လှေပေါ်ပါသူ ၁၂ ဦးရှိခဲ့သည်ဟုဆိုသော်လည်း နောက်ပိုင်းတွင် ၁၀ ဦးသာရှိကြောင်း အတည်ပြုခဲ့သည်။

လှေပိုင်ရှင် ဟူဝမ်ပေါင်ကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်းသိရသည်။ မကြာသေးမီကဖြစ်ပေါ်ခဲ့သော ရေကြီးမှုများကြောင့် မြစ်ရေမှာ မြင့်တက်လျက်ရှိသော်လည်း လှေနစ်မြုပ်ချိန်တွင် မိုးရွာခြင်းမရှိကြောင်း အသက်ရှင်ကျန်သူများက ပြောသည်။

**(ဆင်ဟွာ)**



# ဗီယက်နမ်အမျိုးသားလေကြောင်း ဝက်ဘ်ဆိုက်တိုက်ခိုက်ခံရ

**ဟနွိုင်း ဇူလိုင် ၃၀**

ဗီယက်နမ်အစိုးရသတင်းစာက အမျိုးသားလေကြောင်း ဝက်ဘ်ဆိုက်ဖောက်ထွင်းတိုက်ခိုက်ခံရမှုကြောင့် တရုတ်ကွန်ပျူတာ ဖောက်ထွင်းဝိဇ္ဇာများကို အပြစ်တင်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဖောက်ထွင်းမှုနောက်ကွယ်က လူများသည် ဇူလိုင် ၂၉ ရက်က ဗီယက်နမ်အမျိုးသားလေကြောင်းဝက်ဘ်ဆိုက်စာမျက်နှာတွင် တောင်တရုတ်ပင်လယ်အချုပ်အခြာ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရုပ်ပုံများလွှင့်တင်ခဲ့သည်။ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့သည် အငြင်းပွားရေပိုင်နက်အရေး ဆွေးနွေးမှုများအရှိန်ကောင်းနေဆဲဖြစ်သည်။

ဗီယက်နမ်အမျိုးသားလေကြောင်းဝက်ဘ်ဆိုက်သည် ဒေသစံတော်ချိန် ညနေ ၄ နာရီခန့်တွင် အသုံးပြု၍မရတော့ကြောင်း ဗီယက်နမ်အစိုးရသတင်းစာတွင် ဖော်ပြသည်။ ဖောက်ထွင်း တိုက်ခိုက်သူများမှာ ၎င်းတို့ကိုယ်၎င်းတို့ ၁၉၃၇ စီအန်ဟု အမည်ပေးထားကြောင်း သိရသည်။

တိုက်ခိုက်သူများသည် မြို့တော် ဟနွိုင်းနှင့်ဟိုချီမင်းတို့ရှိ လေကြောင်းဆိုင်ရာ အချက်အလက်များကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဘူရွန်ဒီနိုင်ငံသို့ရဲများစေလွှတ်ရန် သဘောတူ

**ဘူရန်ဒီ ဇူလိုင် ၃၀**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အကြမ်းဖက်မှုများ နှိမ်နင်းရန်နှင့် တိုင်းပြည်အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ ကာကွယ်ရန် ကုလသမဂ္ဂမှ ရဲတပ်ဖွဲ့ဝင်များကို ဘူရွန်ဒီနိုင်ငံ၌ ဖြန့်ကြက်ချထားရန် သဘောတူခဲ့သည်။

ယခုနှစ် အစောပိုင်းတွင် ရဲတပ်ဖွဲ့ဝင် ၂၂၈ ဦး စေလွှတ်ရန်သဘောတူခဲ့သည်။ အစပိုင်းက ဘူရွန်ဒီနိုင်ငံသည် ရဲတပ်ဖွဲ့ဝင် ၅၀ထက်ကျော်၍ လက်ခံမည်မဟုတ်ဟု ပြောခဲ့သည်။ သမ္မတ Pierre Nkurunziza က လွန်ခဲ့သောဧပြီလက တတိယအကြိမ်မြောက် သမ္မတ သက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်မည်ဟု ပြောလိုက်ပြီးနောက်ပိုင်း မတည်ငြိမ်သည့် အခြေအနေများကြား လူပေါင်း ၄၀၀ ကျော် အသတ်ခံရပြီးဖြစ်သည်။ လူပေါင်း ၂၀၀၀၀၀ ကျော် နေအိမ်မှ စွန့်ခွာထွက်ပြေးခဲ့ရသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဘူရွန်ဒီနိုင်ငံ၌ ဖြစ်ပွားနေသော အကြမ်းဖက်မှုများနှင့် ပဋိပက္ခများကို အနီးကပ်လေ့လာသင့်ကြောင်း ဘူရွန်ဒီ၌ ဆိုးရွားသောကိစ္စများ ဖြစ်ပွားမှု ရှိ မရှိကို သေချာအောင်ပြုလုပ်ရန်လိုကြောင်း ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်သံအမတ် ဖရန်ဆိုဒီလက်ထရီက ပြောသည်။ ဘူရွန်ဒီအစိုးရက အစောပိုင်းကာလတွင် ကုလသမဂ္ဂမှ ရဲတပ်ဖွဲ့ဝင် ၅၀ ထက်ကျော်၍ လက်ခံမည်မဟုတ်ဟု သတိပေးပြောကြားခဲ့သည်။ ယခုအခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် သံတမန်များက စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။



ဘူရွန်ဒီနိုင်ငံ၌ အတိုက်အခံ နှင့် အစိုးရဘက်မှ တပ်ဖွဲ့ဝင်များတွင် လူမျိုးပေါင်းစုံရောနှောနေသော်လည်း တိုင်းပြည်အတွင်း ယခင်က ကြုံတွေ့ခဲ့ဖူးသည့် လူမျိုးသုဉ်းသတ်ဖြတ်မှုများ ထပ်မံ၍ဖြစ်ပွားလာမည်ကို ပြည်သူများက စိုးထိတ်နေကြသည်။ **(ဘီဘီစီ)**

# ဖလော်ရီဒါပြည်နယ်၌ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရ

**ဖလော်ရီဒါ ဇူလိုင် ၃၀**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကျန်းမာရေးအာဏာပိုင်များက ဇီကာဗိုင်းရပ်စ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့ရာ ခြင်မှတစ်ဆင့် ကူးစက်သည့် ဇီကာဗိုင်းရပ်စ်ကူးစက်ခြင်းမှာတိုင်းပြည်အတွင်း ပထမဆုံးပင်ဖြစ်ကြောင်း ဆိုသည်။

ဇီကာဗိုင်းရပ်စ်ပိုးဖြစ်ပွားရာဒေသသို့ သွားရောက်ခြင်းမရှိဘဲ၊ ဇီကာဗိုင်းရပ်စ်ပိုးရှိသူနှင့်လည်း ထိတွေ့နေထိုင်ခြင်းမရှိဘဲ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦး ဗိုင်းရပ်စ်ကူးစက်ခြင်းခံရကြောင်း သောကြာနေ့၌ အာဏာပိုင်များက ကြေညာသည်။ ကူးစက်ခံရသူ လူနာလေးဦးစလုံးမှာဒေသအတွင်းမှ ခြင်များအကိုက်ခံရ၍ ကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။ မီယာမီအလယ်ပိုင်းဒေသ၌ ကူးစက်ခံရခြင်းဖြစ်ပြီး ရောဂါပိုးသယ်ဆောင်လာသောခြင်သည် အခြားလူတစ်ဦးကို ကိုက်ခဲ့ခြင်းကြောင့် ကူးစက်ရခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ ယခုအချိန်ထိ ဖလော်ရီဒါအတွင်း ရောဂါပိုးသယ်ဆောင်ထားသော ခြင်မတွေ့ရှိရသေးပေ။ သို့သော် ကျန်းမာရေး အာဏာပိုင်အဖွဲ့က ကူးစက်မှုမပြန့်ပွားအောင် ထိန်းချုပ်ဆောင်ရွက်လျက်ရှိသည်။ နွေရာသီခရီးသွားရာသီအစတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ဖလော်ရီဒါပြည်နယ်သည် ကမ္ဘာတစ်ဝန်းလုံးမှ ခရီးသွားများဝင်ရောက်ရာ ဒေသလည်းဖြစ်သည်။

ဇီကာဗိုင်းရပ်စ်သည်ကိုယ်ဝန်ဆောင်မိခင်များကူးစက်ခြင်းခံရပါက ကလေးမွေးဖွားလာသည့်အခါ ကလေးငယ်၌ ချို့ယွင်းချက်များပါလာနိုင်သည်။ ဇီကာဗိုင်းရပ်စ်သည် တောင်အမေရိက အပါအဝင် နိုင်ငံပေါင်း ၆၇ နိုင်ငံနှင့် အချို့သောနယ်မြေများ၌ ဖြစ်ပေါ် လျက်ရှိကြောင်း အတည်ပြုထားသည်။

**(အင်န်အိတ်ချ်ကေ)**



# အကြမ်းဖက်တိုက်ခိုက်မှုနေ့စွဲများနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်



**ချူးစန္ဒီနွေး**

**ဒုက္ခသည်တစ်သန်းကျော်ကို လက်ခံဖို့ ဆုံးဖြတ်လိုက်ခြင်းဟာ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်အတွက်တော့ အလျော်အစားကြီးတဲ့ နိုင်ငံရေးအလောင်းအစား တစ်ခုပါပဲ။ ပထမပိုင်းမှာတော့ သူ့ရဲ့ခေါင်းဆောင်နိုင်မှုနဲ့ လူသားချင်းစာနာထောက်ထားရဲတဲ့သတ္တိကို လူအများကဝိုင်းပြီး ချီးကျူးထောက်ခံခဲ့ပါတယ်။ သူဟာ ဒုက္ခသည်အရေးနဲ့ပတ်သက်ပြီး ကောင်းကောင်းကိုင်တွယ်နိုင်တယ်လို့လည်း ဂျာမနီပြည်သူတွေကို ပြောခဲ့တယ်။ ပြီးတော့ ဂျာမနီနိုင်ငံရဲ့ ပျူငှာမှုတွေကြောင့်လည်း အတိုင်းအတာတစ်ခုအထိ ဂုဏ်သိက္ခာတက်ရတယ်လို့ ပြောခဲ့တယ်။ ဒုက္ခသည်အရေးဟာ ဥရောပတိုက်သားတွေရဲ့ အပြည့်အဝသည်းခံနိုင်တဲ့စိတ်ကို ဖော်ညွှန်းတယ်လို့ ဂျာမနီနိုင်ငံရဲ့ဝန်ကြီးချုပ်က မှတ်ယူပါတယ်။**

ဒါပေမယ့် နှစ်သစ်ကူးညမှာ ဒုက္ခသည်တွေပါဝင်တဲ့ နိုင်ငံခြားသားအုပ်စုက ကိုလိုဂျင်မြို့က အမျိုးသမီးငယ်တွေကို နှောင့်ယှက်တိုက်ခိုက်ခဲ့တဲ့အခါမှာတော့ အိန်ဂျလာမာကယ်ရဲ့ မူဝါဒနဲ့ပတ်သက်ပြီး သံသယဖြစ်လာကြတော့တာပါပဲ။

ဒီဖြစ်ရပ်ဟာ ဒုက္ခသည်တွေလက်ခံထားရှိမှုကို ဆန့်ကျင်သူတွေအတွက် ပိုပြီးအားကောင်းလာစေခဲ့ပါတယ်။ ဒါပေမယ့် နောက်ထပ်ရောက်လာတဲ့ ဒုက္ခသည်အရေအတွက် တဖြည်းဖြည်းလျော့နည်းလာလို့ ကန့်ကွက်သံတွေဟာလည်း ငြိမ်ကျသွားခဲ့တယ်။ အကြာကြီးငြိမ်သွားတာတော့မဟုတ်ပါဘူး။ တစ်ပတ်အတွင်းမှာပဲ တိုက်ခိုက်မှုလေးခု ဖြစ်ပွားတဲ့အခါမှာတော့ နဂိုကတည်းကမှ ဒုက္ခသည်တွေကို မယုံကြည်တော့တဲ့ပြည်သူတွေဟာ နောက်ထပ်သံသယတွေ ထပ်ပေါ်လာပါတော့တယ်။ တိုက်ခိုက်မှု လေးခုထဲက သုံးခုကတော့ ဒုက္ခသည်တွေရဲ့ တိုက်ခိုက်မှုကိုခံရတာပါ။ ဒီတိုက်ခိုက်မှုဟာ ဂျာမနီနိုင်ငံကို ဆန့်ကျင်ပြီးတိုက်တာလို့တော့ ယူဆလို့မရပါဘူး။

အန်စ်ဘတ်ရှ်မှာရှိတဲ့ အရက်ဘားမှာဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုအပါအဝင် တိုက်ခိုက်မှုနှစ်ခုကတော့ အိုင်အက်စ်တွေရဲ့လက်ချက်ပဲလို့ ဆိုပါတယ်။ ရဲတွေရှာဖွေတွေ့ရှိခဲ့တဲ့ ဗီဒီယိုဖိုင်ထဲမှာတော့ ဂျာမနီကပြည်သူတွေဟာ ငြိမ်းငြိမ်းချမ်းချမ်း အိပ်စက်အနားယူဖို့အခွင့်အရေး မရှိတော့ဘူးလို့ ပြောထားတယ်။

ဒီနှစ်အစောပိုင်းမှာတော့ အိန်ဂျလာမာကယ်ကို ထောက်ခံမှုနှုန်းတွေ ကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါပေမယ့် အခြားခေါင်းဆောင်အများစုနဲ့ ယှဉ်ကြည့်ရင်တော့ သူ့မှာထောက်ခံမှုအခိုင်အမာရှိနေသေးပါတယ်။ ကိုလိုဂျင်မြို့မှာ ဖြစ်ပွားခဲ့တဲ့ ဒုက္ခသည်တွေနဲ့ ပြည်သူတွေကို ရန်စတိုက်ခိုက်မှုအပြီး သူ့ကိုထောက်ခံမှုတွေ အမှန်ပဲကျဆင်းလာခဲ့တာပါ။ သိပ်မကြာသေးခင်ကပဲ ဥရောပသမဂ္ဂကနေ ဗြိတိန်နုတ်ထွက်ခဲ့တဲ့ ဖြစ်ရပ်နဲ့ တူရကီမှာ အာဏာသိမ်းဖို့ကြိုးပမ်းခဲ့တဲ့ ဖြစ်ရပ်တွေကြောင့် သူ့ကိုထောက်ခံမှုတွေ တစ်ရှိန်ထိုး ပြန်မြင့်တက်လာခဲ့ပါတယ်။

အိန်ဂျလာမာကယ်ကို ထောက်ခံတဲ့သူတွေဟာ သူ့ကိုအန္တရာယ်များတဲ့ကမ္ဘာကြီးမှာ မယိမ်းမယိုင်အောင် တည့်မတ်ပေးနိုင်တဲ့ ခေါင်းဆောင်ကောင်းအဖြစ် ရှုမြင်ကြတယ်။ နောက်ဆုံးဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ ဂျာမနီနိုင်ငံအနေနဲ့ အကြမ်းဖက်မှုတွေကို ဘယ်လောက်ထိ ကိုင်တွယ်ဖြေရှင်းနိုင်မလဲဆိုတာကို တွန်းအားပေးလျက်ရှိပါတယ်။ ဆီးရီးယားဒုက္ခသည်တစ်ဦးဖြစ်တဲ့ မိုဟာမက်ဒယ်လီဟာ အန်စ်ဘတ်ရှ်မြို့ကလူတွေကို ထိခိုက်ဒဏ်ရာရအောင် လုပ်ခဲ့ပြီးနောက် ကိုယ့်ကိုယ်ကိုအဆုံးစီရင်ခဲ့ပါတယ်။ ဒီလိုလူမျိုးကို အစောပိုင်းကတည်းက ပြည်နှင်ဒဏ်ပေးခဲ့ဖို့ ကောင်းတာပါ။ ဂျာမနီနိုင်ငံအတွင်းမှာ တရားဝင်နေထိုင်ဖို့ ခွင့်ပြုချက် ရမထားပေမယ့်လည်း ဆက်လက်နေထိုင်နေတဲ့ ဒုက္ခသည်တွေဟာ အများကြီးပါ။

ဇူလိုင်လတတိယပတ်အတွင်း မြူးနစ်မြို့က ဈေးဝယ်စင်တာတစ်ခုမှာ ဆယ်ကျော်သက်လူငယ်တစ်ဦးက လူကိုးဦးကို သေနတ်နဲ့ပစ်သတ်ခဲ့ပြီးတဲ့နောက်မှာတော့ ပြည်သူတွေရဲ့စိတ်ထဲမှာ စိတ်ချလုံခြုံမှုဆိုတာ မရှိတော့ပါဘူး။ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ ဂျာမနီကိုကူးစက်လာခဲ့ပြီလား။ ဒေသခံပြည်သူတွေဟာ ဘယ်အချိန်မှာများ အကြမ်းဖက်မှုတွေ ထပ်ပြီးဖြစ်လာဦးမှာလဲလို့ ရင်တထိတ်ထိတ်နဲ့ စောင့်မျှော်နေရပါတယ်။ ပြည်သူတွေဟာ သူတို့ခံစားနေရတဲ့ကြောက်ရွံ့မှုတွေကို ပွင့်ပွင့်လင်းလင်းပဲ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဂျာမနီနိုင်ငံရဲတပ်ဖွဲ့ရဲ့ အကြီးအကဲတစ်ဦးဖြစ်သူ ရိုင်နာဝန့်ဒ်က "ဂျာမန်ပြည်သူတွေဟာ ထိတ်လန့်နေကြပါတယ်"လို့ ပြောပြခဲ့တယ်။ အခြေအနေတွေ ပြန်လည်တည်ငြိမ်လာတဲ့အခါမှာတော့ နိုင်ငံအတွင်းမှာရှိတဲ့ ဂျာမနီနိုင်ငံသားမဟုတ်တဲ့သူတွေကိုရှုတ်ချဖို့နဲ့ အရေးပေါ်အခြေအနေတစ်ရပ် တောင်းဆိုဖို့ကိုတော့ စိတ်မဝင်စားကြသေးပါဘူး။

ဒုက္ခသည်တွေ ဝင်ရောက်လာတာကို ဆန့်ကျင်တဲ့အဖွဲ့အစည်းကတော့ တိုင်းပြည်ထဲမှာ ယဉ်ကျေးမှု မျိုးစုံရောနှောလာပြီး တိုင်းပြည်ရဲ့ လုံခြုံရေးအခြေအနေဟာ တစ်စတစ်စယိုယွင်းလာတယ်လို့ဆိုပါတယ်။ ဒါပေမယ့် အဲဒီအဖွဲ့အစည်းကို ထောက်ခံမှုနှုန်းဟာ လျော့ကျလာပါတယ်။ ထောက်ခံမှုရာခိုင်နှုန်း ၁၂ ကနေ ၁၃ အထိ တက်လာဖို့ ရုန်းကန်နေရပါတယ်။ မကြာသေးခင်က ပေါ်ပေါက်ခဲ့တဲ့ အကြမ်းဖက်မှုတွေကြောင့် ပြောင်းရွှေ့အခြေချသူတွေ၊ ဒုက္ခသည်တွေကို လက်ခံတဲ့မူဝါဒကို ပြန်လည်သုံးသပ်ဖို့လိုလာပြီဆိုတာကို ပြသနေပါတယ်။ "အသစ်ဝင်လာတဲ့ ဒုက္ခသည်တွေကို ဘယ်အရပ် ဘယ်ဒေသက လာတာလဲ။ ဘယ်သူလဲဆိုတာသိရဖို့ မေးမြန်းစုံစမ်းပိုင်ခွင့်ရှိရမယ်။ သူတို့ကို အနီးကပ်စောင့်ကြည့်ဖို့ အခက်အခဲတွေလည်း ရှိနေပါသေးတယ်"လို့ မစ္စတာဝန့်ဒ်က ပြောတယ်။

လာမယ့်နှစ် ဂျာမနီနိုင်ငံရဲ့ရွေးကောက်ပွဲမှာတော့ ဒုက္ခသည်အရေးဟာ အဓိကကိစ္စရပ်ကြီးတစ်ခု ဖြစ်လာမှာပါ။ အိန်ဂျလာမာကယ်ဟာ တူရကီနိုင်ငံကို အလေးထားအားကိုးပါတယ်။ ဘာလို့လဲဆိုရင် တူရကီနိုင်ငံဟာ ဒုက္ခသည်တွေဂရိနဲ့ဥရောပကို ဝင်ရောက်လာမှုဟာ ကြားကနေအကာအကွယ်ပေးနေလို့ပါပဲ။ ဂျာမနီအစိုးရရဲ့ နည်းဗျူဟာကတော့ ထောက်ခံမှုတွေ ပြန်လည်ရရှိလာဖို့ပါပဲ။ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ တိုက်ခိုက်မှုလေးခုဟာလည်း တစ်ခုနဲ့တစ်ခု ဆက်စပ်မှုမရှိဘူးလို့ ဆိုကြပြန်ပါတယ်။

ဂျာမနီနိုင်ငံထဲကို ဝင်ရောက်လာတဲ့ဒုက္ခသည် ၁ ဒသမ ၂ သန်းထဲမှာ အကြမ်းဖက်သမားတွေနဲ့ ဆက်သွယ်မှု၊ ချိတ်ဆက်မှုရှိတယ်ဆိုပြီး စုံစမ်းစစ်ဆေးမှုပေါင်း ၅၉ ခုဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီး သောမတ်စ်ဒီမိုင်ဇီရီကတော့ "ကျွန်တော်တို့ရဲ့ အပြုအမူတွေကို ပြောင်းလဲဖို့ မလုပ်သင့်ဘူး"လို့ ဆိုပါတယ်။ "ကျွန်တော်တို့ဟာ တရားဥပဒေစိုးမိုးမှု ပိုရအောင်ကြိုးပမ်းရမယ်။ အကြောက်တရားမှာပဲ ဆက်လက်ရှင်သန်နေလို့မဖြစ်ဘူး"လို့လည်း သူကပြောပါတယ်။ အားလုံး ပေါင်းစည်းညီညွတ်ကြဖို့ လိုပါတယ်။ ခိုလှုံလာတဲ့ ဒုက္ခသည်တွေကို သူတို့ရောက်ရှိနေတဲ့ နိုင်ငံရဲ့ စံနှုန်း၊ တန်ဖိုးတွေ၊ အမျိုးသားနဲ့ အမျိုးသမီးကြားမှာရှိတဲ့ တန်းတူညီမျှမှုနဲ့ လွတ်လပ်စွာ တွေးခေါ်နိုင်ခွင့်တွေ ရှိတယ်ဆိုတာ သင်ကြားပေးဖို့ အစီအစဉ်တွေရှိတယ်။ ဒုက္ခသည်တွေဟာ ဂျာမနီနိုင်ငံထဲမှာ ပေါင်းစည်းနေထိုင်နိုင်မလားဆိုတဲ့ စံနှုန်းကိုကြည့်ပြီး ရေရှည်မှာ အိန်ဂျလာမာကယ်ရဲ့ တံခါးဖွင့်မူဝါဒဟာ အလုပ်ဖြစ်မဖြစ် ဆုံးဖြတ်ရမှာပဲဖြစ်ပါတယ်။ တကယ်လို့ နောက်ထပ်ပေါ်ပေါက်လာမယ့် အကြမ်းဖက် တိုက်ခိုက်မှုတွေဟာ ခိုလှုံဖို့ရောက်ရှိလာတဲ့ ဒုက္ခသည်တွေကြောင့် ဖြစ်လာရတာဆိုရင်တော့ အိန်ဂျလာမာကယ်ရဲ့ ဝန်ကြီးချုပ် နောက်ထပ်သက်တမ်းအတွက် ရွေးကောက်ပွဲယှဉ်ပြိုင်မှုမှာ အတားအဆီးတွေ ပေါ်လာတော့မှာပါ။

**ခိုလှုံလာတဲ့ ဒုက္ခသည်တွေကို သူတို့ရောက်ရှိနေတဲ့ နိုင်ငံရဲ့စံနှုန်း၊ တန်ဖိုးတွေ၊ အမျိုးသားနဲ့ အမျိုးသမီးကြားမှာရှိတဲ့ တန်းတူညီမျှမှုနဲ့ လွတ်လပ်စွာတွေးခေါ်နိုင်ခွင့်တွေရှိတယ်ဆိုတာ သင်ကြားပေးဖို့အစီအစဉ်တွေရှိတယ်။ ဒုက္ခသည်တွေဟာ ဂျာမနီနိုင်ငံထဲမှာ ပေါင်းစည်းနေထိုင်နိုင်မလားဆိုတဲ့ စံနှုန်းကိုကြည့်ပြီး ရေရှည်မှာ အိန်ဂျလာမာကယ်ရဲ့ တံခါးဖွင့်မူဝါဒဟာ အလုပ်ဖြစ်မဖြစ် ဆုံးဖြတ်ရမှာပဲဖြစ်**

ဥရောပသမဂ္ဂကနေ ဗြိတိန်ထွက်ခွာသွားခြင်း၊ ပြင်သစ်သမ္မတကို လူကြိုက်မများတော့ခြင်း စတဲ့ အကြောင်းတွေ ရှိနေပေမယ့် အိန်ဂျလာမာကယ်ကိုတော့ ထောက်ခံမှုတွေ ရှိဆဲပါ။ သူ့ကိုယုံကြည်ချက်တွေ ယိမ်းယိုင်မသွားတဲ့ သံမဏိခေါင်းဆောင်အဖြစ် မှတ်ယူကြဆဲပါ။ သူပြောခဲ့ဖူးတဲ့ စကားကတော့ "ကြောက်ရွံ့မှုဆိုတာ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ဘဝမှာရော လူ့အသိုင်းအဝိုင်းကြီး တစ်ခုလုံးထဲမှာပါ ရှင်သန်မွေးမြူထားရမယ့်အရာ မဟုတ်ပါဘူး"။




**ကိုးကား-ဘီဘီစီ (၂၇-၇-၂၀၁၆)**

## ပါကစ္စတန်အနောက်မြောက်ပိုင်း မင်္ဂလာဆောင်ခရီးသည်တင်ကားတစ်စီး ရေစီးနှင့်မျောပါ၍ လူ ၁၅ ဦးသေဆုံး

**အစ္စလမာဘတ် ဇူလိုင် ၃၀**

ပါကစ္စတန်အနောက်မြောက်ပိုင်း မင်္ဂလာဆောင်လာသည့်ကား ရေစီးနှင့်မျောပါသွား၍ ကားပေါ်ပါသူ အနည်းဆုံး လူ ၁၅ ဦး သေဆုံးသွားကြောင်း ဒေသတွင်းသတင်းအေဂျင်စီတစ်ခုဖြစ်သော အူရဒူကသတင်းတွင်ဖော်ပြခဲ့သည်။

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် လတ်တလောမိုးရွာသွန်းမှုများဖြစ်ပွားလျက်ရှိကြောင်းသိရသည်။ မိုးရွာသွန်းမှုများကြောင့် ရေကြီးမှုများ အချို့နေရာများတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

## ဟားခါးမြို့ မြို့သစ်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**ဟားခါး ဇူလိုင် ၃၀**

ဟားခါးမြို့ မြို့သစ်ရပ်ကွက် မီးသတ်ကုန်းလမ်း၌ ဇူလိုင် ၃၀ ရက် နံနက် ၂ နာရီ ၂၅ မိနစ်ခန့်တွင် နေအိမ်တစ်လုံးမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုမှာ ဦးဗန်ထီးယိုနေအိမ်မှ မီးပလတ်မဖြုတ်ထားသော တီဗွီကြိုးခွေမှ တစ်ဆင့် အပူလွန်ကဲပြီး မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါနေရာသို့ ပြည်နယ်အစိုးရအဖွဲ့အတွင်း ရေးမှူး၊ ပြည်နယ်မီးသတ်ဦးစီးမှူးနှင့် ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးတို့ ရောက်ရှိကြီးကြပ်၍ မီးသတ်ယာဉ်လေးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် ပြည်သူများက ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၃ နာရီတွင် မီးညွန့်ကျိုးခဲ့ကာ မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် (၂၆ × ၂၂) ပေရှိ သွပ်မိုး၊ သွပ်ကာ၊ ပျဉ်ခင်းအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အဆိုပါနေအိမ်တွင် နေထိုင်သည့် မိသားစုဝင် ၁၀ ဦးကို နီးစပ်ရာဆွေမျိုးများ နေအိမ်သို့ ယာယီရွှေ့ပြောင်းထားရှိကာ လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ အိမ်ရှင်ဦးဗန်ထီးယိုအား ဟားခါးမြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**( ခရိုင် ပြန်/ဆက် )**

## ကျောက်မဲမြို့တွင် အချင်းချင်းစကားများရာမှ ကျည်ထွက်၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ကျောက်မဲ ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကော်ပေါင်ကျေးရွာတွင် ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီခွဲခန့်က ဦးအိုက်အောင်၏ နေအိမ်အရှေ့ဘက် ကိုက် ၅၀ ခန့်အကွာတွင် (TNLA) အဖွဲ့မှ လက်နက်ကိုယ်စီကိုင်ဆောင်ထားသော လူသုံးဦး အချင်းချင်းစကားများရာမှ ကျည်သုံးချက်ပေါက်ထွက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ကျည်ပေါက်ထွက်မှုကြောင့် ဦးအိုက်အောင်၏ဇနီးဖြစ်သူ ဒေါ်အေးလာ (၂၈ နှစ်)မှာ ဘယ်နောက်ကျောမှ ရင်ဘတ်သို့ ကျည်တစ်ချက်ဖောက်ထွက်ကာ နေရာတွင်သေဆုံးခဲ့ပြီး မောင်အိုက်ငင်း (ခြောက်နှစ်)တွင် ယာလက်ပြင်နောက်ကျောကို ကျည်ရှပ်မှန်၍ ကျောက်မဲဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကာ မအေးဆွေ (သုံးနှစ်)မှာ ယာခြေသလုံး ကျည်ရှပ်မှန်ထိပြီး ကော်ပေါင်ကျေးရွာတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရေမြောင်းအတွင်းကျသည့် ကလေးငယ်အား ကယ်တင်ရမှုဖြစ်ပွား



**ရန်ကုန် ဇူလိုင် ၃၀**

ကွန်ကရစ်ရေမြောင်းအတွင်းမှ ကလေးငိုသံကြားသဖြင့် ကျိုးပဲ့နေသော မြောင်းဖုံးအပေါက်မှ လေးနှစ်အရွယ်ကလေးငယ်တစ်ဦးအား ဈေးသူဈေးသားများနှင့် ဈေးဝယ်လာသူများက ဝိုင်းဝန်းကယ်တင် ဆယ်ယူလိုက်ရသော အဖြစ်တစ်ခု ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်းစံပြဈေးရှေ့တွင် ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီကဖြစ်ပွားခဲ့သည်။

ကလေးငယ်မှာ ကျိုးပဲ့နေသော မြောင်းဖုံးအပေါက်မှ လမ်းလျှောက် လာရင်း ရပ်လျက်အနေအထားဖြင့် မြောင်းထဲသို့ကျသွားခြင်းကြောင့် ရင်ညွန့်အထိရှိသည့် မြောင်းရေများထဲသို့နစ်သွားသော် လည်း ကံကောင်းထောက်မစွာ ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ (ဓာတ်ပုံ)

အဆိုပါမြောင်းမှာ အလျားသုံးပေ၊ အနံနှစ်ပေခန့်ရှိ ကွန်ကရစ်အဖုံးကျိုးပဲ့ကာ အပေါက်ဖြစ်နေသည်မှာ တစ်နှစ်ခန့်ရှိနေပြီဖြစ်ပြီး သက်ကြီးရွယ်အိုနှင့် အမျိုးသမီးငယ်များ၊ ဈေးသွားဈေးပြန်၊ လမ်းသွားလမ်းလာများ မကြာခဏအပေါက်ကျံပြီး ထိခိုက်ဒဏ်ရာရကြသဖြင့် သက်ဆိုင်ရာက အမြန်ပြုပြင်ပေးရန် ဈေးသူဈေးသားများနှင့် ဈေးဝယ်လာသူများက လိုလားလျက်ရှိကြောင်းသိရသည်။ **ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**

## စဥ့်ကူးမြို့ မြို့နယ်ခန်းမရှေ့ မြောင်းကူးတံတားအောက်တွင် လူတစ်ဦးသေဆုံးလျက်တွေ့ရှိသဖြင့် သက်ဆိုင်ရာကစုံစမ်းနေ

**စဥ့်ကူး ဇူလိုင် ၃၀**

စဥ့်ကူးမြို့ အမှတ် (၂)ရပ်ကွက်ရှိမြို့နယ်ခန်းမရှေ့ မြောင်းကူးတံတားအောက်တွင် လူတစ်ဦးပုပ်ပွလျက် သေဆုံးနေကြောင်း တွေ့ရှိရသည်။

ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီခွဲက စဥ့်ကူးမြို့ မြို့မရဲစခန်းယာယီရဲမှူး ကိုကိုလှိုင်၊ ရဲအုပ်အောင်တေဇတို့သည် သတင်းအရသွားရောက်စစ်ဆေးရာ လူသေအလောင်းတစ်လောင်း မှောက်လျက်အနေအထားဖြင့် တွေ့ရှိရ၍ စုံစမ်းရာ သေဆုံးသူမှာ ဂျက်မြသောင်း (၅၂နှစ်) စဥ့်ကူးမြို့နေသူဖြစ်ကြောင်း သိရသဖြင့် အလောင်းအား ရဲဆေးစာဖြင့် စဥ့်ကူးမြို့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဂျက်မြသောင်းသေဆုံးရခြင်းသည် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်**

## ကော့သောင်းမြို့ အောင်မြန်မာကျေးရွာတွင် လူသတ်မှုဖြစ်ပွား

**ကော့သောင်း ဇူလိုင် ၃၀**

ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု အောင်မြန်မာကျေးရွာတွင် အရက်အတူသောက်စားမူးယစ်ကာ စကားများရန်ဖြစ်ရာမှ လူသတ်မှုကျူးလွန်ခဲ့သည့် ဖြစ်စဉ်တစ်ခု ဇူလိုင် ၂၈ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အောင်မြန်မာကျေးရွာနေ မိတ်ဆွေများဖြစ်သည့် ကျော်နိုင်ဝင်းနှင့် သန်းနိုင်လင်း တို့နှစ်ဦးသည် ကျေးရွာဓမ္မာရုံအနီး၌ ဇူလိုင် ၂၈ ရက်က အတူတကွ အရက်သေစာ သောက်စားခဲ့ကြပြီး အရက်မူးလာသည့်အချိန်တွင် တစ်ဦးနှင့်တစ်ဦး စကားများကာ လုံးထွေးသတ်ပုတ်ခဲ့ကြကြောင်း၊ ကျော်နိုင်ဝင်းက အရက်ပုလင်းဖြင့် သန်းနိုင်လင်းကို ရိုက်ပြီး ပုလင်းကွဲဖြင့် လည်ပင်းကိုထပ်မံထိုးခဲ့ရာ သန်းနိုင်လင်းတွင် ဒဏ်ရာများ ရရှိ၍ အောင်ဘာဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သိရသဖြင့် ကော့သောင်းရဲတပ်ဖွဲ့မှ စခန်းမှူး ဒုတိယရဲမှူးမျိုးညွန့်နှင့် တာဝန်ရှိသူများ၊ အခင်းဖြစ်နေရာကို သွားရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ သန်းနိုင်ဝင်းအားဖမ်းဆီးကာ ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း )**

## ပြည်မြို့တွင် မူးယစ်ဆေးများဖမ်းဆီးရမိ

**ပြည် ဇူလိုင် ၃၀**

ပြည်မြို့နယ် ငါးရွာအုပ်စု တောင်ကုန်းရွာနေ ထွန်းထွန်း၏နေအိမ်သို့ ဇူလိုင် ၂၉ ရက် ညနေ ၆နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာတွင် ထွန်းထွန်းနှင့်အတူ မင်းမင်းအား တွေ့ရပြီး ၎င်းတို့ထံမှ အရွက်၊ အရိုး၊ အစေ့တို့ပါဝင်သော အလေးချိန် ၉ ဂရမ်ပါ ဆေးခြောက်သုံးထုပ် အလေးချိန် ၃၀ ဂရမ်ပါတစ်ထုပ်နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ ပိုက်ဆံအိတ်အတွင်းမှ ငွေကျပ် ၃၃၇၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိသည်။ ပြစ်မှုကျူးလွန်သူနှစ်ဦးအား ပြည်မြို့နယ် အမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**


### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၉၊ ဧရိယာ ၁ဒသမ၁၀၃ဧကနှင့် မြေကွက်အမှတ်၇၊ ဧရိယာ ၁ဒသမ၆၇၆ဧက၊ မြေကွက်တည်နေရာ- ဘုရင့်နောင်လမ်းမကြီးနှင့် ဂေါက်ကွင်းအနီး (ကေအာအနာမလဲကော်နား) အမည်ပေါက် ဘီ-လ/န-၃၉နှင့်လ/န ၃၉ မြေအမျိုးအစား မြေကွက်နှစ်ကွက်အား အမည်ပေါက် ကေအာအနာမလဲကော်နားနှင့်ဇနီးဖြစ်သူ ဒေါ်အဂျယ်လဲ၊ သားနှစ်ဦး ကေအေနာရနာဆာမိ(ခ) ကေအေနာရန်နာဆာမိကော်နားနှင့် ကေအေရာဆာမိကော်နာ၊ ချွေးမများ တော်စပ်သော ဒေါ်မူနီယမ္မားလ်၊ ဒေါ်စရပ်ဝါသီး၊ ဒေါ်နာဂါမိုစနန်၊ မြေးများ တော်စပ်သော ဦးကေအေအင်စကရ်ပါနီ၊ ဦးကနပ္ပား၊ ဦးအနာမလဲ၊ ဦးအောင်သိန်း၊ မြေးချွေးမတော်စပ်သော ဒေါ်တင်ကြည်တို့ကွယ်လွန်ကြောင်း ကျမ်းကျိန်ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သေဆုံးကြောင်းထောက်ခံချက်၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ၉-၅-၂၀၁၆ရက်စွဲပါ အမွေဆက်ခံခွင့်ရှိကြောင်း အမိန့်တို့ကိုတင်ပြ၍ (၁) ဦးလှရွှေ(ခ)KARUPPAN ၁၂/လမန(ပြု)၀၀၀၇၆၆၊ (၂) ဦးသိန်းမောင်(ခ)ဂျေယာရာမန် ၁၂/လမန(ပြု)၀၀၀၃၁၀၊ (၃) ဦးအာရ်နဒရာဂျန် ၁၂/လမန(နိုင်)၁၂၁၁၄၇၊ (၄) ဦးအာရ်ရာဂျူး ၁၂/လမန(နိုင်)၁၂၁၁၄၉၊ (၅) ဦးပရာပါကရမ်(ခ)ဦးစိုးမြင့် ၁၂/လမန(နိုင်)၁၁၈၂၆၈၊ (၆) ဦးလက်ချိမန်း ၁၂/လမန(နိုင်)၁၂၉၇၂၂၊ (၇) ဦးစေရန်(ခ)မောင်ညို ၁၂/လမန(နိုင်)၁၁၈၅၃၇၊ (၈) ဦးအရီဒါတ်(စ်) ၁၂/လမန(နိုင်)၁၁၉၃၆၅တို့ ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၄၈၈/၅-၁၀-၁၅) (၁၀၄၉၀/၅-၁၀-၁၅) (၁၀၄၉၁/၅-၁၀-၁၅) (၁၀၄၈၉/၅-၁၀-၁၅) တို့ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကေခိုင်ရွှေ ၁၂/စခန(နိုင်)၀၀၇၇၅၄က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/4722, ISUZU ELF NHR 69, LIGHT TRUCK (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမိုး ၇/တငန(နိုင်)၀၃၈၆၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဒုထပ်တိုက်လုံးချင်းငှားမည်

ကျောက်ကုန်း၊ နေရာကောင်း အသင့်ပြင်ဆင်ပြီး ကားပါကင်ရှိပါသည်။ ရုံးခန်းဖွင့်ရန်အလွန်ကောင်း
Ph - 09 459117391, 09 73009524 , 09 43202211

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၄ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အခန်း၄၂၊ ၄လွှာ၊ တိုက် ၆၈၆/၆၉၈ (၂၅×၅၀)ပေရှိသော အခန်းအား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြမြခိုင်၁၂/လကန(နိုင်)၁၇၁၅၈၄မှ ပိုင်ဆိုင်ကြောင်းကြော်ငြာအပ်ပါသည်။ အဆိုပါတိုက်ခန်းအား ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေသူစိုး (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၄၁၆၆၄)**
**အမှတ်(၈၅၇)၊ အောင်သစ္စာ(၃)လမ်း၊ ၄/တောင်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၁၆၄၀၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၇)၊ မြေကွက်အမှတ်(၁၁၁)၊ (အလျားပေ ၄၀×အနံ ပေ၆၀)ရရှိသူ အမည်ပေါက် ဒေါ်အုံးမြိုင်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူသူ ဦးစူးကူးမား (ဘ)ဦးအာဆစ်ရာဂျ် ၁၂/လသယ(နိုင်) ၀၃၉၂၇၉မှ မြေပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးခြင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၂)၊ မြေယာဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းစံပြကျေးရွာမြောက်ပိုင်း အိမ်အမှတ်(၂၃)နေ ဦးကျော်စိုး၁၂/ရပသ(နိုင်)၀၁၅၅၈၆-(ဒေါ်သန်းသန်းဆင့်) ၁၂/ရပသ(နိုင်)၀၁၅၆၄၈တို့၏သမီး မဝင်းမီမီကျော် ၁၂/ရပသ(နိုင်)၀၅၂၉၉၂ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်ပြုလုပ်သွားပါသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း သိစေအပ်ပါသည်။

၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝ၊ အရှုပ်အရှင်းများကို လုံး၀(လုံး၀) တာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဖခင်- ဦးကျော်စိုး ၁၂/ရပသ(နိုင်)၀၁၅၅၈၆**




### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/4245 Suzuki Carry DA63T P/U (4x4)® ယာဉ်လက်ဝယ်ရှိသူ ဦးသူရလွင် ၁၃/သပန(ဧည့်)၀၀၀၁၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်မြို့**

### MACCS စနစ် သိကောင်းစရာများ ရှင်းလင်းပို့ချဆွေးနွေးပွဲ ဖိတ်ကြားလွှာ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးအကူအညီ (Grant Aid)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော MACCS စနစ်နှင့် စပ်လျဉ်း၍ သိကောင်းစရာများ ရှင်းလင်းပို့ချဆွေးနွေးပွဲကို အောက်ပါအတိုင်း နှစ်ရက်ခွဲ၍ ကျင်းပမည်ဖြစ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၄-၈-၂၀၁၆ရက်နှင့် ၁၁-၈-၂၀၁၆ရက်
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီမှ ညနေ ၅း၀၀နာရီအထိ
**ကျင်းပမည့်နေရာ** - ပထမထပ်၊ မင်္ဂလာခန်းမ၊UMFCCI, လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊

အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသည့်အဖွဲ့ (Agency)အသီးသီးရှိ Private Users များ၊ ပန်းရောင်ကတ်ကိုင်ဆောင်သည့်လုပ်သားများ၊ Importer & Exporter များ တက်ရောက်သင့်သော ဆွေးနွေးပွဲတစ်ခုဖြစ်ပါသည်။

တက်ရောက်လိုသော Importer & Exporter များအနေဖြင့် မိမိတို့တက်ရောက်လိုသည့် နေ့ရက်တို့ကိုဖော်ပြ၍ စာရင်းပေးသွင်းကြပါရန်နှင့် နေရာထိုင်ခင်းနှင့် လူဦးရေကန့်သတ်ချက်ရှိပါသဖြင့် အမည်စာရင်းကို ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ကုန်သည်စက်မှုအသင်းချုပ်အသင်းသားရေးရာဌာန ဖုန်း-၀၁-၂၃၀၄၃၄၄~၄၉ Ext: 118,140 Fax; 2314484သို့ Email: ma@ umfcci.com. mmသို့ အမည်၊ အဖွဲ့အစည်း၊ ကုမ္ပဏီအမည်၊ Email၊ဖုန်းနံပါတ်တို့အား ပေးပို့ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ်**

# ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသောအစားအစာနှင့် သောက်သုံးရေတို့မှတစ်ဆင့် ကူးစက်တတ်သောရောဂါတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် ရာသီဥတုပြောင်းလဲသောကာလများဖြစ်သည့် မိုးအကုန် ဆောင်းအကူးတွင် ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရပါသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် ကာလဝမ်းရောဂါသည် Vibrio Cholerae ဟုခေါ်ဆိုသော ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါပြင်းထန်ကာ အချိန်မီကုသမှုမရှိပါက အသက်ဆုံးရှုံးနိုင်ပါသည်။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပြီဆိုပါက နီးစပ်ရာ ကျန်းမာရေးဌာနများတွင် အချိန်မီကုသမှုခံယူရန်နှင့် အဆင့်ဆင့် အချိန်မီအမြန်ဆုံးသတင်းပေးပို့ရန် လိုအပ်ပါသည်။

ကလေးသူငယ်များတွင် ဖြစ်ပွားသော ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားလေ့ရှိပြီး ထိရောက်ပြည့်စုံသော ကုသမှုခံယူရန် လိုအပ်ပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုဆောင်ရွက်ခြင်း၊ အထူးသဖြင့် အစာမစားမီအချိန်တိုင်း၊ အစားအစာများကို ကိုင်တွယ်ရောင်းချခြင်းမပြုမီ အချိန်တိုင်း၊ လူနာကိုကိုင်တွယ်ပြီးတိုင်း၊ ကလေးကို ပြုစုပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် စနစ်တကျ စင်ကြယ်စွာ ဆေးကြောခြင်း၊ အစားအစာများအား ပူပူနွေးနွေးစားသောက်ခြင်း၊ ယင်နား စာများအား မစားသုံးခြင်း၊ ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ခြင်း(ကလိုရင်းဆေးခတ်ထားသော သောက်သုံးရေ(သို့မဟုတ်) ကျိုချက်ထားသောရေကိုသာ သောက်သုံးခြင်း)၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို စနစ်တကျဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာ ရာခိုင်နှုန်းပြည့်သုံးစွဲနိုင်အောင် စီမံဆောင်ရွက်ခြင်း၊ လူနာများ အနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်မှုနှင့် ကိုင်တွယ်ရောင်းချမှုတို့မှ ရှောင်ကြဉ်ခြင်း၊ လူနာ၏ အဝတ်အစားများကို သောက်သုံးရေတွင်း၊ ရေကန်များ အနီးတွင် လျှော်ဖွပ်မှုမှ ရှောင်ကြဉ်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီသတင်းပေးပို့ခြင်းနှင့် ထိရောက်သောကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြပါ ရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး /ထွက်ပြိုင်ပွဲ ဆီမီး(ပ-ကျော့)တွင် ရန်ကုန်နှင့် ရတနာပုံသရေကျ

**ရန်ကုန် ဇူလိုင် ၃၀**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ဖြစ်သည့် ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းသည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျသွားသည်။

ရန်ကုန်အသင်းသည် အိမ်ကွင်း၌ ကစားရသည့် ပွဲတွင် တစ်ဂိုးစီသရေကျခဲ့သောကြောင့် ဗိုလ်လုပွဲ တက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ ရတနာပုံအသင်းသည် အဝေးကွင်း၌ သရေကစားနိုင်ခဲ့သည့် အပြင် အဝေးဂိုးပါရခဲ့သောကြောင့် ဗိုလ်လုပွဲ တက်ရောက်ရန် ရန်ကုန်အသင်းထက် အခွင့်အရေး ပိုသာသွားပြီ ဖြစ်သည်။ ပရိသတ်နည်းပါးနေသည့် ရန်ကုန်မြို့ရှိ ပြည်တွင်းပွဲများအနက် ယခုပွဲကို ပရိသတ် ၆၀၀၀ ကျော် လာရောက်အားပေးခဲ့ပြီး ထိုင်းကွင်းလယ် ဒိုင်လူကြီး ကိုင်တွယ်ခဲ့သည်။

MNL ထိပ်သီးနှစ်သင်း တွေ့ဆုံသည့်အပြင် ဗိုလ်လုပွဲတက်ရောက်ရေးအတွက် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစပိုင်းတွင် ရတနာပုံအသင်း ဖိကစားနိုင်ခဲ့သော်လည်း ၁၀ မိနစ်နောက်ပိုင်းတွင် ရန်ကုန်အသင်း ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ရတနာပုံဂိုးပေါက်ကို ခြိမ်းခြောက်လာနိုင်သည်။ ၃၄ မိနစ်တွင် ရတနာပုံအသင်းမှ မာတူနာနှင့် အောင်သူတို့ အပိုင်ကန်ခွင့်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၄၃ မိနစ်တွင် ရန်ကုန်အသင်း ဂိုးစရခဲ့ပြီး မာဆယ်လိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့ပြီး တိုက်စစ်မှူး မာတူနာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် ကစားသမား အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ မိနစ် ၇၀ နောက်ပိုင်းတွင် ရတနာပုံအသင်းက သရေရလဒ်ကို ထိန်းကစားသွားခဲ့ပြီး ရန်ကုန်အသင်း အခွင့်အရေးပိုရခဲ့သည်။ မိနစ် ၈၀ ကျော်တွင် ရန်ကုန်အသင်း ဂိုးရနိုင်သည့် အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့သော်လည်း ဒေးဗစ်ဒန်း အသုံးမချနိုင်ခဲ့၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ယနေ့၌ ရှုံး/ထွက် ဆီမီးဖိုင်နယ်ပွဲကို သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**




**ရန်ကုန်နှင့် ရတနာပုံအသင်း ယှဉ်ပြိုင်စဉ်**
ဓာတ်ပုံ- ဖိုးသော်ဇင်

# ထန်ခေါ်လန်မကျေးရွာတွင် ကူးစက်ရောဂါကြောင့် လူ ၁၈ ဦးသေဆုံး

**လဟယ် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ခေါ်နောက်ကုန်းအုပ်စု ထန်ခေါ်လန်မကျေးရွာတွင် ဇွန် ၆ ရက်မှစ၍ ဖျားနာခြင်း၊ မျက်စိနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောစသော ရောဂါနှင့် အခြားရောဂါများကြောင့် ကလေးငယ်များနှင့် လူကြီးအချို့ သေဆုံးလျက်ရှိကြောင်း သတင်းရရှိသည့်အတွက် အဆိုပါကျေးရွာသို့ ကားရော်နောက်ညှိ ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ဆွေဆွေအောင်က ကွင်းဆင်းကုသခဲ့သည်။

သို့သော်လည်း လူနာများပြားခြင်း၊ အပူဖုထွက်ခြင်း၊ ရောဂါလက္ခဏာများဖြစ်ပွား၍ သေဆုံးမှုများ ဖြစ်ပေါ်နေကြောင်း သိရသဖြင့် နာဂဦးစီးအဖွဲ့ဝင် ဦးကာစီရန်း ဦးဆောင်သော လဟယ်မြို့နယ် တိုက်နယ်ဆရာဝန် ဒေါက်တာ ကျော်စံဝင်း၊ ကျန်းမာရေးမှူး ဦးမျိုးသန့်၊ ဓာတ်ခွဲမှူး ဦးအောင်မျိုးထက်တို့သည် ဇူလိုင် ၂၄ ရက်က လဟယ်မြို့မှ အဆိုပါ ဖြစ်ပွားရာကျေးရွာသို့ သွားရောက်ကုသပေးခဲ့သည်။

အဆိုပါကျေးရွာတွင် လူနာပေါင်း ၁၆၂ ဦး ကွင်းဆင်းကုသပေးခဲ့ပြီး သေဆုံးသူ ၁၈ ဦးရှိရာ၊ အသက် ၂၂ နှစ်မှ ၉၄ နှစ်ကြား ငါးဦး၊ ကလေးငယ် (၁နှစ်)မှ ၁၂ နှစ်ကြား ၁၃ ဦးဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ပြောပြချက်အရ သိရသည်။

**ရှားဆက်(လဟယ် ပြန်/ဆက်)**

■

# ယာယီဓာတ်အား ပြတ်တောက်မည်

**ရန်ကုန် ဇူလိုင် ၃၀**

ဇူလိုင် ၃၁ ရက်တွင် ဒဂုံဆိပ်ကမ်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ ဗဟန်း၊ စမ်းချောင်း၊ ဒဂုံ၊ အလုံ၊ သန်လျင်၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ရွှေပြည်သာ၊ တိုက်ကြီး၊ ဥက္ကံ၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ သာကေတ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်မြို့နယ်များ၏ ရပ်ကွက်နေရာအချို့တို့တွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိလည်းကောင်း ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား( 3 Axles Bus ) ကိုရွေးစီးပါ။

# ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ မိသားစုများများနှင့် တစုတဝေးတည်း နေထိုင်လိုသူများအတွက် အိမ်ကျယ်ကျယ်၊ အခန်းများများ လုံးချင်းတိုက် မြေအကျယ် (90'x70') ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်သစ် အိမ်အကျယ် (2510 sqft)၊ လူလုံးဝမနေထိုင်ရသေးပါ။ Master Bedroom(7)ခန်း၊ ရိုးရိုးအိပ်ခန်း(2)ခန်း၊ ဘုရားခန်း၊ ဧည့်ခန်း(2)ခန်း အခန်းကျယ်၊ TVကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ၊ ကား (2) စီးဆံ့ ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master Bedroom (1)ခန်းပါ၊ Aircon (11)လုံး၊ ခန်းဆီးလိုက်ကာတပ်ပြီး၊ ခြံထဲတွင် နားနေရန် ဘန်ဂလို(1)လုံးပါ၊ အိမ်ထောင်ပရိဘောဂအပြည့်အစုံပါ၊ TV+ အောက်စက်(1)စုံ၊ အိမ်ပတ်ပတ်လည်တွင် CCTV တပ်ဆင်ပြီး၊ ခြံပတ်ပတ်လည် ဘရိတ်စားဆူးကြိုးကာပြီး၊ မြက်ခင်းပြင် အလှပန်းပင်များစိုက်ပြီး၊ ခြံထဲတွင် ကား(6)စီးရပ်ထားနိုင်ပါသည်။ အဆင့်မြင့် ပြင်ဆင်ပြီး တိုက်သစ်။

**ကျပ်သိန်း (4500)**

၂။ အေးအေးချမ်းချမ်းနှင့် ပတ်ဝန်းကျင်ဆိတ်ငြိမ်စွာ နေထိုင်လိုသူများအတွက် မော်ဘီဈေးမှ(၁၀)မိနစ်ခန့်သွားရသော VIP မြေကွက်၊ မြေအကျယ် (60'x80') ခြံစည်းရိုးခတ်ပြီး၊ ပါမစ်မြေ၊ ရေ၊ မီးပါ

**ကျပ်သိန်း (350)**

**ဆက်သွယ်ရန် ဖုန်း - 09-5178979, 09-420301091, 09-43022828, 09-43292929**



# ပေ ၃၀၀၀ မြင့်သော ပန်းသီးပင်များနှင့် ပုဒ်ထားရှုပ်ဝါကျ

**မောင်ခင်မင်(ဓနုဖြူ)**

"သမီးက ဆယ်တန်းတက်နေတဲ့ ညီမလေးကို မြန်မာစာသင်ပေးနေပါတယ်ဘဘ"

"ကောင်းတာပေါ့"

"သူတို့သင်ရတဲ့မြန်မာသဒ္ဒါစာအုပ်မှာ ဘဘပြောတဲ့ပုဒ်ထားရှုပ်ဝါကျတွေကို မရှုပ်အောင်ပြန်ပြင်ဖွဲ့ရတဲ့ လေ့ကျင့်ခန်းတွေပါပါတယ်။ အဲဒီမှာပေးထားတဲ့ ဝါကျတွေအကြောင်း ဘဘကိုပြောပြချင်လို့ပါ"

"ပြောလေ သမီး"

"ဝါကျတစ်ခုက 'ပေ ၃၀၀၀ မြင့်သော ပန်းသီးပင်များစိုက်ပျိုးရန် တောင်တန်းတစ်ခုကို သက်ဆိုင်ရာက ရှာဖွေနေသည်'တဲ့ ဘဘ"

"ဟုတ်ပြီ"

"အဲဒီဝါကျမှာ 'ပေ ၃၀၀၀ မြင့်သော ပန်းသီးပင်များ'ဆိုတာ မရှိနိုင်တော့ ပုဒ်အထားအသိုလွဲနေတာချက်ချင်းသိနိုင်တာပေါ့နော် ဘဘ"

"ဟုတ်တာပေါ့။ သမီးပြောတဲ့ဝါကျကိုနားထောင်ကြည့်တော့ 'ပေ ၃၀၀၀ မြင့်သော' ဆိုတဲ့ပုဒ်က အဓိပ္ပာယ်အရ 'တောင်တန်းတစ်ခုကို' နဲ့ကပ်ထားရမှာဆိုတာ ချက်ချင်းသိနိုင်တယ်လေ၊ 'ပေ ၃၀၀၀ မြင့်သော'က 'ပန်းသီးပင်များ'နဲ့ မဆီမဆိုင်ကပ်နေတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဘဘ။ ဒါကြောင့် ဒီဝါကျကို 'ပန်းသီးပင်များစိုက်ပျိုးရန် ပေ ၃၀၀၀ မြင့်သော တောင်တန်းတစ်ခုကို သက်ဆိုင်ရာက ရှာဖွေနေသည်'လို့ပြင်မှ အဓိပ္ပာယ်ရှင်းမယ်ဆိုတာ ညီမလေးကိုသမီးရှင်းပြလိုက်ပါတယ်"

"ဟုတ်တာပေါ့။ သဒ္ဒါစကားနဲ့ပြောရရင်တော့ နာမဝိသေသနဆိုတဲ့ နာမ်အထူးပြုစကားနဲ့ နာမ်နဲ့ကပ်မထားလို့ ရှုပ်သွားတာပေါ့ကွယ်။ ဝါကျထဲမှာ နာမ်တစ်ခုတည်းရှိရင် ကိစ္စမရှိဘူး။ နာမ်တစ်ခုထက်ပိုနေရင်တော့ အခုပြောသလို မဆိုင်တဲ့နာမ်နဲ့ကပ်မထားဘဲ ဆိုင်တဲ့နာမ်နဲ့ ကပ်ထားဖို့လိုတာပေါ့။ အဲ....အဲဒီသဒ္ဒါစကားတွေမသိတောင်မှ အဓိပ္ပာယ်အရ 'ပေ ၃၀၀၀ မြင့်သော' ဆိုတာ 'ပန်းသီးပင်'နဲ့ မဆိုင်ဘူး၊ 'တောင်တန်း' နဲ့ပဲဆိုင်တယ်ဆိုတာ သိနိုင်တယ် မဟုတ်လား။ အဲဒီတော့ ဆိုင်ရာပုဒ်ချင်းကပ်ထားရင် အထားအသိုမရှုပ်တော့ဘူးပေါ့"

"ဟုတ်ကဲ့ပါ"

"ဘဘမှတ်မိပါတယ်။ အရင်တုန်းက ဆယ်တန်းမြန်မာစာမေးခွန်းမှာ အဲဒီလိုနာမ်အထူးပြုနဲ့ သက်ဆိုင်ရာနာမ်နဲ့ကပ်မထားလို့ အဓိပ္ပာယ်အရ အဆီအငေါ်မတည့်ဖြစ်နေတဲ့ ဝါကျမျိုးတွေ ပေးထားပြီးပြင်ခိုင်းတတ်တယ်။ ဘာတဲ့ 'မျက်မှန်နှင့်ကြောင်ကလေးကို ပွေ့ချီထားသော မိန်းမပျိုသည်'ဆိုတာ မျိုးပေါ့"

"ဒီအတိုင်းဆို ကြောင်ကလေးက မျက်မှန်တပ်ထားသလိုဖြစ်နေတာပေါ့နော်"

"ဒါပေါ့။ ဒီတော့ 'ကြောင်ကလေးကို ပွေ့ချီထားသော မျက်မှန်နှင့်မိန်းမပျိုသည်' လို့မြင်ရမယ်ဆိုတာ နားလည်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ။ အခုသမီးမေးချင်တာက သမီးသင်နေတဲ့ သဒ္ဒါစာအုပ်ထဲက နောက်ဝါကျတစ်ခုပါ"

"ပြောစမ်းပါဦး"

"အဲဒီဝါကျက 'ကျွန်တော်သည် မော်လမြိုင်ကဆရာ့ကို ဒူးရင်းသီးဖြင့်ကန်တော့သည်' တဲ့ဘဘ"

"ဟုတ်ပြီ"

"အဲဒီဝါကျကို နာမဝိသေသနပုဒ်အထားအသိုအစီအစဉ်သင့်အောင် ပြင်ဖွဲ့ပါလို့ လေ့ကျင့်ခန်းမှာပါတော့ နာမဝိသေသနပုဒ်နေရာမမှန်လို့ပြင်ခိုင်းတဲ့အဓိပ္ပာယ်ပေါ့။ ဒါပေမယ့် ဘဘရယ်"

"ဒါပေမယ့်-ဘာဖြစ်သလဲသမီး"

"သမီးက အဲဒီပေးထားတဲ့ဝါကျမှာ နာမဝိသေသနနေရာလွဲနေတယ်လို့ မထင်ဘူး။ ဒါကြောင့်ဘဘကိုပြောပြတာပါ"

"ဟေ...ဆိုစမ်းပါဦး၊ ဘဘတောင်စိတ်ဝင်စားလာပြီ"

"သဒ္ဒါစာအုပ်မှာ မေးခွန်းထုတ်တဲ့ပုဂ္ဂိုလ်က 'မော်လမြိုင်ကဆရာ့ကို' လို့ကပ်ထားတာ လွဲနေတဲ့အတွက် 'ကျွန်တော်သည်ဆရာ့ကို မော်လမြိုင်က ဒူးရင်းသီးဖြင့်ကန်တော့သည်' လို့ ပြင်စေချင်တယ်ဆိုတာ ထင်ရှားပါတယ်"

"ဟုတ်ပြီ"

"ဘဘရယ်၊ ဒါပေမယ့် 'မော်လမြိုင်က ဆရာ့ကို' ဆိုတာ 'ပေ ၃၀၀၀ မြင့်သော ပန်းသီးပင်'ဆိုတာလို အဓိပ္ပာယ်လွဲနေတာမှမဟုတ်ဘဲ၊ 'မော်လမြိုင်ကဆရာ' ဆိုတာလည်း ဖြစ်နိုင်တာပဲလေ"

"ဒီတော့"

"ဒီတော့ ပေးထားတဲ့'ကျွန်တော်သည်မော်လမြိုင်ကဆရာ့ကို ဒူးရင်းသီးနဲ့ကန်တော့သည်'ဆိုတဲ့ဝါကျဟာလည်း သူ့ဟာသူမှန်နေတာပဲလေ။ ပုဒ်အထားအသိုသင့်နေတာပဲ။ 'မော်လမြိုင်က' ဆိုတာနဲ့ 'ဒူးရင်းသီး'နဲ့ ကပ်ရမယ်လို့ပုံသေပြောလို့ဘယ်ရမလဲ။ စဉ်းစားကြည့်ရင် ကန်တော့တဲ့သူက မော်လမြိုင်က ဆရာကို ဘယ်ကလို့ပြောမထားတဲ့ ဒူးရင်းသီးနဲ့ ကန်တော့တဲ့အဓိပ္ပာယ်ပဲလေ။ မှန်နေတာပဲ"

"သမီးတော်တယ်။ ဘဘသဘောပေါက်တယ်။ ဒီမေးခွန်းက မော်လမြိုင်ကဆိုရင် ဒူးရင်းသီးနဲ့တွဲမှမှန်တယ်ဆိုတဲ့ ကြိုတင်ယူဆချက်နဲ့ထုတ်တဲ့ မေးခွန်းဖြစ်နေလို့ မေးခွန်းမှာ အားနည်းချက်ရှိတာပေါ့ကွယ်။ ဒီလိုဆိုရင် အဲဒီမေးခွန်းကို အစီအစဉ်မသင့်တာ ထင်ရှားအောင် သမီးစဉ်းစားပြီးပြင်ကြည့်ပါလား။ ဘယ်လိုပြင်မလဲ"

"ဟုတ်ကဲ့၊ 'ကျွန်တော်သည်မော်လမြိုင်ကဆရာ့ကို ကျိုက်သန်လန်ဘုရားသို့ လိုက်ပို့သည်'လို့ပြင်ပါမယ်ဘဘ"

"မဆိုးပါဘူး။ ကျိုက်သန်လန်ဘုရားက မော်လမြိုင်မှာပဲရှိတာ၊ ပြီးတော့ဆရာက မော်လမြိုင်ကဆိုရင် ကျိုက်သန်လန်ဘုရားကို အထူးတလည်လိုက်ပို့စရာလိုမယ်မထင်ဘူးလေ။ ဒီတော့ 'ကျွန်တော်သည် ဆရာ့ကိုမော်လမြိုင်က ကျိုက်သန်လန်ဘုရားသို့ လိုက်ပို့သည်'လို့ပြင်ရမယ်ဆိုတာ စဉ်းစားနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ-ခုပြောတာတွေက အဓိပ္ပာယ်အရ ပုဒ်အထားအသိုသင့်သလား၊ မသင့်သလား ခွဲလို့ရတဲ့သာဓကတွေနော်။ အရင်ပြဿနာတွေကိုပဲ အဓိပ္ပာယ်အရ အဲဒီလိုမခွဲနိုင်တဲ့ ဝါကျမျိုးတွေကျတော့ ပြဿနာရှိပြန်ရော။ ဘဘ သာဓကတစ်ခုပြောမယ်နော်"

"ဟုတ်ကဲ့ဘဘ"

"ဆိုပါတော့ကွယ်၊ 'ကျွန်တော်သည် အေးချမ်းတိတ်ဆိတ်သောမြို့ကလေး၏ ဆင်ခြေဖုံးရပ်ကွက်မှာနေထိုင်သည်'ဆိုတဲ့ ဝါကျကိုဘယ်လိုအဓိပ္ပာယ်ကောက်မလဲ။ မြို့ကလေးက အေးချမ်းတိတ်ဆိတ်တာလား၊ ဆင်ခြေဖုံးရပ်ကွက်က အေးချမ်းတိတ်ဆိတ်တာလား"

"ဟင်... နှစ်မျိုးစလုံးဖြစ်နိုင်တယ်ထင်ပါတယ် ဘဘ"

"ဆိုင်ရာပုဒ်ချင်းကပ်ထားရမယ်ဆိုတဲ့ ဥပဒေသအတိုင်းရေးရင်တော့ မြို့ကလေးက အေးချမ်းတိတ်ဆိတ်တာလို့ ယူရမှာပေါ့။ ဒါပေမယ့် အဲဒီအထူးပြုပုဒ်က ကပ်လျက်နာမ်နဲ့ မဆိုင်ဘဲ နောက်ကနာမ်နဲ့ဆိုင်တာမျိုးလည်း ရေးလေ့ရှိတယ်လေ"

"ဟုတ်ကဲ့"

"ဆိုပါတော့ 'ချောမောလှပသော ဗိုလ်မှူးကြီး၏သမီးငယ်' ဆိုတာမျိုးပေါ့။ အဓိပ္ပာယ်အရ 'ချောမောလှပသော'က 'ဗိုလ်မှူးကြီး'နဲ့မဆိုင်ဘူး၊ 'သမီးငယ်'နဲ့ပဲဆိုင်တယ်ဆိုတာ အဓိပ္ပာယ်အရ သိသာတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'သူရဲတွေ့ရသော ဗိုလ်မှူးကြီး၏သမီးငယ်' လို့ရေးရင်တော့ 'သူရဲတွေ့ရသော'ဟာ 'ဗိုလ်မှူးကြီး'နဲ့ပဲ ဆိုင်တယ်ဆိုတာသိသာတာပေါ့။ ဆိုလိုတာကကွယ်၊ အဲဒီနာမ်အထူးပြုတွေဟာ နောက်ကနာမ်နှစ်ခုပါရင် ဘယ်နာမ်နဲ့ဆိုင်တယ်ဆိုတာ ရုတ်တရက်အဓိပ္ပာယ်ကောက်ဖို့ ခက်တာမျိုးရှိတယ်လို့ ပြောချင်တာပါ"

"ဒီတော့ ရှင်းအောင်ဘယ်လိုရေးရမလဲ ဘဘ"

"ဆိုင်ရာပုဒ်ချင်းကပ်ထားတဲ့ ဥပဒေသအတိုင်းပဲ ရေးတာအသင့်တော်ဆုံးပဲပေါ့။ 'သူရဲတွေ့ရသော ဗိုလ်မှူးကြီး၏သမီးငယ်' ကရှင်းတယ်။ သမီးငယ်ကိုပြောချင်ရင်တော့ 'ဗိုလ်မှူးကြီး၏ ချောမောလှပသောသမီးငယ်' လို့ရေးတာရှင်းမှာပေါ့ကွယ်"

"ဟုတ်တယ်နော် ဘဘ၊ ဆိုင်ရာပုဒ်ချင်းကပ်မထားမိရင် အဓိပ္ပာယ်ရှုပ်တတ်တာ အမှန်ပဲနော်"

"ဒါကြောင့် ဘာနဲ့ဘာနဲ့ဆိုင်သလဲဆိုတာ စဉ်းစားပြီး ဆိုင်ရာပုဒ်ချင်းကပ်ထားဖို့ လိုအပ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

# ဝိတ်လျှော့ကြပါစို့

**တင်လင်းအောင်**

အဝလွန်ခြင်းကြောင့် မိန်းမတွေထက် ယောကျ်ားတွေမှာ သုံးဆနီးပါးပို၍ သေဆုံးနေကြောင်းလေ့လာမှု အသစ်တစ်ရပ်ကဆိုထားပါတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ အမျိုးသားနဲ့ အမျိုးသမီးအပါအဝင် လူဦးရေလေးသန်းနီးပါးကို လေ့လာမှုပြုခဲ့ရာ ပုံမှန်ကိုယ် အလေးချိန်ရှိတဲ့အမျိုးသမီး ၁၁ ရာခိုင်နှုန်းနဲ့ အမျိုးသား ၁၉ ရာခိုင်နှုန်းတို့ဟာဆိုရင် အသက် ၇၀ မတိုင်မီသေဆုံးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း လေ့လာတွေ့ရှိခဲ့ပါတယ်။

ဒါပေမယ့် ဒီအဝလွန်အန္တရာယ်ကြောင့် အမျိုးသား ၃၀ ရာခိုင်နှုန်းနဲ့ အမျိုးသမီး၁၅ ရာခိုင်နှုန်းထိသေဆုံးမှု မြင့်တက်လာခဲ့ပါတယ်။ ဒီသေဆုံးမှုအန္တရာယ်တွေဟာ အမျိုးသားတွေမှာဆိုရင် ၁၁ ရာခိုင်နှုန်းနဲ့ အမျိုးသမီးတွေမှာတော့ လေးရာခိုင်နှုန်း ထိအမှန်တကယ် မြင့်တက်လာတာ ဖြစ်တယ်လို့ လေ့လာသူတွေ က ထုတ်ပြန်ထားပါတယ်။

**"အမေရိကန်နိုင်ငံမှာ ဆိုရင်တော့ ဆေးလိပ်သောက်ခြင်းကြောင့် အရွယ်မတိုင်ခင် သေဆုံးမှုတွေ ပြီးရင်တော့ အဝလွန်ခြင်းဟာ ဒုတိယနေရာမှာ ရှိပါတယ်"**

"အမေရိကန်နိုင်ငံမှာဆိုရင်တော့ ဆေးလိပ်သောက်ခြင်းကြောင့်အရွယ်မတိုင်ခင်သေဆုံးမှုတွေပြီးရင်တော့ အဝလွန်ခြင်းဟာ ဒုတိယနေရာမှာရှိပါတယ်" လို့ အင်္ဂလန်နိုင်ငံအောက်စဖို့ဒ်တက္ကသိုလ်မှ ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ရေးဆိုင်ရာဌာနမှ ဆေးကုသမှုဆိုင်ရာပါမောက္ခ ရီချက်ပီတိုကပြောပါတယ်။

"သင်ဟာ ခန္ဓာကိုယ်ဝိတ် (အလေးချိန်) ကို ၁၀ ရာခိုင်နှုန်းလောက်လျှော့ချနိုင်မယ်ဆိုရင်တော့ အသက် ၇၀ မတိုင်ခင် သေဆုံးမှုအန္တရာယ်ဟာ အမျိုးသမီးတွေမှာ ၁၀ ရာခိုင်နှုန်းလောက်ကျဆင်းသွားပြီး အမျိုးသားတွေမှာတော့ ၂၀ ရာခိုင်နှုန်းလောက်လျှော့ကျသွားတာကို တွေ့နိုင်ပါတယ်" လို့ ပီတိုက ပြောပါတယ်။

အမျိုးသမီးတွေထက် အဝလွန်တဲ့အမျိုးသားတွေမှာ ဘာကြောင့်အရွယ်မတိုင်ခင်သေဆုံးမှု အန္တရာယ်တွေ ပိုများနေလည်း ဆိုတာကိုအခုထိ ရှင်းရှင်းလင်းလင်းမသိရသေးပါဘူး။

"ကျွန်တော်တို့ရဲ့လေ့လာချက်တွေမှာ သည်မေးခွန်းရဲ့အဖြေအတိအကျကို မဖော်ပြနိုင်သေးသော်လည်း ယခင်ပြုလုပ်ခဲ့တဲ့ လေ့လာမှုတွေရဲ့ ဖော်ပြချက်မှာတော့ အမျိုးသမီးတွေထက် အဝလွန်တဲ့အမျိုးသားတွေက ခန္ဓာကိုယ်မှာ ဆီးချိုအန္တရာယ်၊ အသည်းမှာအဆီများခြင်းနှင့် သကြားဓာတ်တွေ လွန်ကဲတာကြောင့် ဖြစ်တယ်လို့" လေ့လာသူလည်းဖြစ် စာရေးဆရာလည်းဖြစ်သူ ဒေါက်တာအီမနူလီဒီအန်ဂျလန်တိုနီရိုက ပြောပါတယ်။ ယင်းအဲဒီလေ့လာမှုတွေကို ဇူလိုင် ၁၃ ရက်က အွန်လိုင်း သတင်းဌာနတစ်ခုဖြစ်တဲ့ လန်ဆက်မှာဖော်ပြခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့ကျွမ်းကျင်သူတစ်ဦးက သေဆုံးခြင်းနဲ့ အဝလွန်ခြင်းဆက်နွှယ်မှုကြားမှာ လေ့လာမှုတွေ အများကြီးလိုနေသေးကြောင်း ပြောပါတယ်။

"ကျွန်တော်တို့ဟာ အလေးချိန်လျှော့ခြင်း၊ အလေးချိန်တိုးခြင်းနဲ့ ဘယ်လိုအလေးချိန်တွေက သေဆုံးနှုန်းမြင့်မားမှုတွေကိုဖြစ်စေတယ် ဆိုတာကို သေသေချာချာသိရှိနိုင်အောင် အခုထိလေ့လာရှာဖွေနေဆဲပါ" လို့အမေရိကန်နိုင်ငံကင်ဆာအဖွဲ့ခွဲတစ်ခုမှ ဝါရင့်လေ့လာသူ ဘယ်ရီဂါးဘက်က ပြောပါတယ်။

"အဝလွန်ခြင်းကို ရှောင်ရှားခြင်းကြောင့် အမျိုးသားနဲ့ အမျိုးသမီးတွေမှာ အကျိုးသက်ရောက်မှုရှိစေတဲ့အပြင် ကိုယ်ကာယလေ့ကျင့်ခန်းတွေလုပ်ခြင်းဟာလည်း သေဆုံးမှု အန္တရာယ်ကို လျှော့ကျစေနိုင်ကြောင်းကို အခြားလေ့လာမှုများမှ သိရှိရပါတယ်"လို့ ဘယ်ရီဂါးဘက်က ပြောပါတယ်။

လေ့လာမှုအသစ်တွင် လေ့လာသူတွေကအရွယ်ရောက်ပြီးသား အသက် ၂၀ မှ ၉၀ ရှိလူဦးရေ ၃ ဒသမ ၉ သန်းရဲ့လေ့လာတွေ့ရှိချက်တွေကို စုဆောင်းထားပါတယ်။ ဒီလေ့လာမှုတွေဟာ ဥရောပ၊ မြောက်အမေရိကနှင့် အခြားနေရာတွေမှ အရင်ကပြုလုပ်ခဲ့တဲ့ လေ့လာမှု ၁၈၉ ခုမှဖြစ်ပါတယ်။

လေ့လာသူတွေက နောက်ထပ်ငါးနှစ်ကြာတဲ့အထိ ဒီနေရာတွေမှာနေထိုင်သူတွေ အားလုံးရဲ့အချက်အလက်တွေကို ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ လေ့လာတွေ့ရှိချက်တွေအရ အရွယ်မတိုင်ခင်သေဆုံးခြင်း အန္တရာယ်မှာ ပုံမှန်အလေးချိန်ထက် လျှော့နည်းသူတွေလည်း ပါဝင်တာကို တွေ့ရှိရပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ခန့်မှန်းချက်တွေအရ ကမ္ဘာအနှံ့မှာရှိတဲ့ လူဦးရေ ၁ ဒသမ ၃ သန်းဟာ အလွန်ဝတဲ့ သူတွေဖြစ်ပြီး သန်း ၆၀၀ ကျော်ကတော့ အဝလွန်သူတွေဖြစ်ပါတယ်လို့ဆိုပါတယ်။ ပြီးတော့အဝလွန်ခြင်းဟာ နှလုံးရောဂါ၊ လေဖြတ်တာ၊ ဆီးချိုနဲ့ကင်ဆာရောဂါတွေ ပိုပြီးဖြစ်စေကြောင်းကို အရင်လေ့လာမှုတွေမှာတွေ့ရှိရပါတယ်လို့ လေ့လာသူများက ပြောပါတယ်။

ဒီလေ့လာတွေ့ရှိချက်တွေအရဆိုရင်တော့ အဝလွန်ခြင်းဟာ အန္တရာယ်တွေကိုတိုးပွားလာစေနိုင်ပြီး သေခြင်းတရားတွေကို ဖိတ်ခေါ်နေသလိုပါပဲ ဒါကြောင့် .........ဝိတ်လျှော့ကြပါစို့။



မြန်မာ့ရိုးရာအားကစား

# မြန်မာပြည်ချန်ပီယံဖြစ်ရေးဟာ ကျွန်တော့်ရဲ့ အိပ်မက်ကမ္ဘာဟုဆိုလာတဲ့ ပထမတန်းလက်ဝှေ့ကျော် တူးတူး

**အမေး၊ အရေး- မောင်စိန်လွင်(မြန်မာ့အလင်း)ဓာတ်ပုံ- မင်းထက်**

ယနေ့ မြန်မာ့ရိုးရာလက်ဝှေ့လောကဟာ တစ်ချိန်က ရိုးရာလက်ဝှေ့လောကနဲ့ မတူတာကတော့ အမှန်ပဲဖြစ်ပါတယ်။ ဘက်ပေါင်းစုံက ပြုပြင်ပြောင်းလဲ မက်မောစရာတွေရှိသလို ပြုပြင်ပြောင်းလဲတိုးတက်လာမှုမရှိသေးတဲ့ အပိုင်းတွေလည်းရှိနေသေးတယ်။ သိသိသာသာပြုပြင်ပြောင်းလဲမှုကို ပြောရရင် ယနေ့ခေတ်ရိုးရာ လက်ဝှေ့လောကသားတွေရဲ့ ငွေကြေး (ထိုးသတ်ကြေး)က လက်ရှိ ရိုးရာလက်ဝှေ့လောကသားတွေအတွက် မက်လုံးတစ်ခုပင်ဖြစ်နေပါတယ်။ တစ်ချိန်က ရိုးရာလက်ဝှေ့လောကထိုးသတ်ကြေးနဲ့ ယနေ့ခေတ်ရိုးရာလက်ဝှေ့ထိုးသတ်ကြေးတို့ မတူညီပြောင်းလဲလာမှုဟာ သူ့ခေတ်သူ့အခါလို့ဆိုသော်လည်း မတူပြောင်းလဲတိုးတက်လာတာကတော့ အမှန်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ရိုးရာလက်ဝှေ့လောကက နှစ်ရှည်လများ စွန့်ခွာသွားကြတဲ့ ရိုးရာလက်ဝှေ့လောကသားတွေ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ယနေ့ခေတ် ရိုးရာလက်ဝှေ့လောကမှာ လက်ဝှေ့သမားတွေရပ်တည်မှု အဆင့်အတန်းမတူညီသလို ငွေကြေးရရှိမှုလည်းကွာဟနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီကွာဟမှုက ရိုးရာလက်ဝှေ့လောကသားတွေရဲ့ တိုးတက်ပြောင်းလဲချင်စိတ်ကို ဖြစ်ပေါ်စေတယ်ဆိုရင် မှားမှာမဟုတ်ပါဘူး။ ပြောရရင် ဒီနေ့ခေတ် ရိုးရာလက်ဝှေ့လောကမှာ မြန်မာပြည်အလွတ်တန်းချန်ပီယံနဲ့ ပထမတန်းလက်ဝှေ့ကျော်တွေထိုးသတ်ကြေးရရှိမှုဟာ ခြားနားမှုသိပ်များနေတယ်။ ခြားနားမှု ဘာလို့များနေတယ်ဆိုတာကလည်း ရိုးရာလက်ဝှေ့လောကရဲ့ လက်ဝယ်ကိုင်စွဲနေတဲ့ မူဘောင်သတ်မှတ်မှုမရှိတာက ထင်ဟပ်ပေါ်လွင်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ထိုးသတ်ကြေး မတူကွာဟမှုဟာ လက်ဝှေ့သမားတွေကို ကြိုးစားချင်စိတ်ဖြစ်ပေါ်စေတာတော့ အမှန်ပါပဲ။ အခု ရိုးရာလက်ဝှေ့လောကမှာ ပထမတန်းလက်ဝှေ့ကျော်တွေ မြန်မာပြည်အလွတ်တန်း ချန်ပီယံဖြစ်ရေးအပြိုင်ကြိုးစားရုန်းကန်နေကြတာတွေကို တွေ့ရပါတယ်။ အဲဒီအထဲမှာ မြန်မာပြည်ချန်ပီယံဖြစ်ရေးဟာ ကျွန်တော့်ရဲ့ အိပ်မက်ကမ္ဘာလို့ပြောလာတဲ့ နဂါးမာန်ရိုးရာလက်ဝှေ့ကလပ်က ပထမတန်းလက်ဝှေ့ကျော် တူးတူးဟာလည်း ချန်ပီယံဖြစ်ရေးအချိန်ယူလေ့ကျင့်နေတယ်လို့ ကြားသိခဲ့ရပါတယ်။ ဒါကြောင့် မြန်မာပြည်အလွတ်တန်းချန်ပီယံဖြစ်ရေး အိပ်မက်ကမ္ဘာဆီသို့သွားမယ့် ပထမတန်းလက်ဝှေ့ကျော် တူးတူးနဲ့ တွေ့ဆုံမေးမြန်းမှုတွေကို ရေးသားဖော်ပြလိုက်ပါတယ်။

**မေး။ ။ တူးတူးအနေနဲ့ ဒီရိုးရာလက်ဝှေ့လောကထဲကို ဘယ်တုန်းက၊ အသက်ဘယ်လောက်က စတင်ခြေချဖြစ်ခဲ့တာလဲ။ ဘာကြောင့်ခြေချဖြစ်တယ်ဆိုတာကိုပြောပြပေးပါဦး။**

ဖြေ။ ။ ကျွန်တော်ကငယ်ငယ်ကတည်းက အတိုက်အခိုက် ဝါသနာပါတာပါ။ ပြောရရင် ၁၀ တန်းတက်နေတဲ့ အချိန်ကစပြီးတော့ ဒီရိုးရာလက်ဝှေ့လောကထဲကို စတင်ခြေချဖြစ်တာပေါ့။ အဲဒီတုန်းကငယ်ရွယ်တဲ့သူဆိုတော့ ခဏခဏပြဿနာလေးတွေဖြစ်ခဲ့တယ်။ ပြဿနာဖြစ်ပါများလာတော့ ကျွန်တော့်ဆရာကမင်းဒီလောက် အထိုးအကြိတ်ဝါသနာပါနေရင် လက်ဝှေ့သမားလုပ်ပါလား၊ လက်ဝှေ့ထိုးပါလားဆိုပြီးပြောတယ်။ ကျွန်တော်လည်း ဆရာတကယ်လား၊ တကယ်ထိုးရမှာလားလို့ မေးတော့ ထိုးလို့သူကပြောတယ်။ ဒါနဲ့ အဲဒီတုန်းက တောင်တွင်းကြီးမှာလုပ်တဲ့ လက်ဝှေ့ပွဲမှာ ကျွန်တော့်ကို ပထမဆုံး ဝင်ထိုးခိုင်းတယ်။ အဲဒီ ပထမပွဲမှာပဲ ကျွန်တော်က တောင်တွင်းကြီးသားကို အလဲထိုးနိုင်ခဲ့တာ။ ဒီလိုနဲ့ ဒီရိုးရာလက်ဝှေ့လောကထဲကို စရောက်လာတယ်လို့ပြောရမှာပါ။ အဲဒီတုန်းကအသက် ၁၇နှစ်အရွယ်။ ၂၀၀၈ လောက်ကပေါ့။

**မေး။ ။ အဲဒီအသက် ၁၇ နှစ်အရွယ် ၁၀တန်းကတည်းက ခုချိန်ထိတစိုက်မတ်မတ်ထိုးတာလား။ ဘယ်အရွယ်လောက်ကစပြီး တစိုက်မတ်မတ်ထိုးခဲ့တာလဲ။လက်ဦးဆရာရော ပြောပြပေးပါဦး။**

ဖြေ။ ။ ကျွန်တော် ဒီရိုးရာလက်ဝှေ့လောကထဲကိုအရင်ကရံဖန်ရံခါပဲ ဝင်ထိုးဖြစ်ခဲ့တာပါ။ တစိုက်မတ်မတ် ထိုးဖြစ်တာကတော့ အခု ကျွန်တော့် ဆရာဖြစ်တဲ့ ကဘော်မြေကိုကျော်စိုးနဲ့တွေ့မှ ထိုးဖြစ်တာ။ လုံးဝ လက်ဝှေ့သမားဘဝခံယူပြီး တစိုက်မတ်မတ်ထိုးဖြစ်တာကတော့ သိပ်မကြာသေးဘူး။ ငါးနှစ်လောက်ပဲရှိသေးတယ်။

**မေး။ ။ အခုလက်ရှိပွဲပေါင်းဘယ်လောက်ထိုးပြီးပြီလဲ။ အနိုင်၊ အရှုံးရောပြောပြလို့ရမလား။ နောင်အနာဂတ်မှာရော ရိုးရာလက်ဝှေ့အပေါ်မှာ ဘယ်လောက်အထိမှန်းထားသလဲ။ ဘယ်လိုခံယူချက်မျိုးထားလဲ။**

ဖြေ။ ။ အခု လက်ရှိပွဲပေါင်း ၄၀ ထိုးသတ်ထားပါတယ်။ ရှုံးပွဲကတော့မရှိသေးပါဘူး။ သရေ ၁၀ ပွဲ ၊ နိုင် ပွဲ ၃၀ပါ။ ရိုးရာလက်ဝှေ့ထဲကို စတင်ခြေချကတည်းက ကျွန်တော့်ရဲ့ အိပ်မက်ကမ္ဘာ မျှော်လင့်ချက်က မြန်မာပြည်အလွတ်တန်းချန်ပီယံဖြစ်ရေးပါ။ ဒါဟာ ရိုးရာလက်ဝှေ့သမားတိုင်းရဲ့ မျှော်လင့်ချက်လို့လည်း ထင်ပါတယ်။ ဘယ်လက်ဝှေ့သမားမဆို အလွတ်တန်းချန်ပီယံတော့ ဖြစ်ချင်ကြတာပဲ။ ဒါပေမယ့် ခုတော့ မြန်မာပြည် အလွတ်တန်းချန်ပီယံက ကျွန်တော့်သူငယ်ချင်းဖြစ်နေတော့ ချန်ပီယံဖြစ်ရေးအိပ်မက်ကို ခဏရပ်ဆိုင်းထားရသလိုမျိုးဖြစ်နေတယ်။ ဒါပေမယ့် အသက်အပိုင်းအခြားကလည်း စကားပြောလာပြီဖြစ်တာကြောင့် ချန်ပီယံဖြစ်ရေးစိတ်ကူးအိပ်မက် ကို စတင်အကောင်အထည်ဖော်ရတော့မှာပါ။ နည်းပြဆရာကလည်း ထိုးရမယ်၊ ကျေးဇူးရှင် ကလပ်ပိုင်ရှင်ကလည်း ထိုးရမယ်ဆိုလို့ ပွဲစီစဉ်သူရှိရင် ထိုးဖို့ စိတ်ကူးထားပါတယ်။

**မေး။ ။ အရင်က ငါ့ညီတို့ နှစ်ဦးကိုပွဲစီစဉ်ပေးတယ်လို့သိရတယ်။ ဘာကြောင့်မထိုးဖြစ်ခဲ့တာလဲ။ ပြောပြလို့ရမလား။**

ဖြေ။ ။ ဟုတ် အရင်နှစ်ကနဲ့တူတယ်။ ကျွန်တော်နဲ့ ခုလက်ရှိချန်ပီယံထွန်းထွန်းမင်းနဲ့ကိုပွဲတည်ပေးဖို့ စီစဉ်တဲ့သူကလာပြောပါတယ်။ ဒါပေမယ့် နှစ်ဦးစလုံးက ငြင်းဆန်ခဲ့တာပါ။ ကျွန်တော်တို့က သူငယ်ချင်းတွေ၊ မထိုးဘူးဆိုပြီးတော့၊ အဲဒီလို ငြင်းဆန်လိုက်တဲ့အချိန်မှာ အွန်လိုင်းကနေ ကျွန်တော်တို့ကို ပရိသတ်တွေအများစုက ပုံစံအမျိုးမျိုးနဲ့ ဝေဖန်ခဲ့ကြတယ်။ ပထမတော့ ကျွန်တော်သူတို့ ဝေဖန်မှုကို ဒေါသထွက်မိတယ်။ နောက်ပိုင်း တဖြည်းဖြည်း စဉ်းစားကြည့်တော့ သူတို့စေတနာကို နားလည်လာတယ်။ ငါ့ကိုဖြစ်စေချင်လို့ ပြောဆိုရေးသားကြတာ နေမှာပါလေဆိုပြီး ဖြေသိမ့်မိပါတယ်။ ခုတော့ အဲဒီ ပရိသတ်ကြီးရဲ့ စေတနာကို တုံ့ပြန်တဲ့အနေနဲ့ သူတို့ဖြစ်စေချင်တဲ့ ချန်ပီယံကိုရယူပြီး ကျေးဇူးဆပ်မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ။

**မေး။ ။ တကယ်လို့ ခုလက်ရှိ ချန်ပီယံ ထွန်းထွန်းမင်းနဲ့ တူးတူးတို့ ပွဲစီစဉ်သူရှိလို့ တကယ်ထိုးဖြစ်ခဲ့ရင် ဘယ်လိုခံယူထားလဲ။ ဘယ်လောက်ထိ မျှော်မှန်းထားလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ထိုးဖြစ်မယ်ဆိုရင်တော့ ကျွန်တော်တို့ပွဲက ဘယ်ချန်ပီယံလု ပွဲနဲ့မှ တူမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပထမအချက်က တစ်နိုင်ငံလုံး ရိုးရာလက်ဝှေ့ ချစ်ပရိသတ်တွေက ကျွန်တော်တို့ပွဲကို စိတ်ဝင်စားနေကြတာဖြစ်လို့ပဲ။

အရင်က လည်းမထိုးဘူးလို့ နှစ်ဦးစလုံးက ငြင်းဆန်ထားတာရှိတော့ ထိုးဖြစ်ခဲ့မယ်ဆိုရင် ပရိသတ်အထင်မှား၊ အမြင်မှားစေမယ့် ပုံစံမျိုးတော့ လုံးဝအဖြစ်ခံမှာမဟုတ်ပါဘူး။

ပြောရရင် ကျွန်တော်တို့ပွဲက သရေကျလို့ လုံးဝမရပါဘူး။ တစ်ဦးတစ်ယောက်က လုံးဝကို အပြတ်အသတ်နိုင်မှ ချန်ပီယံဆုနဲ့ ထိုက်တန်သလို ပရိသတ်ကလည်း အားရကျေနပ်မှာဖြစ်ပါတယ်။ သူငယ်ချင်းနှစ်ယောက်ဖြစ်ပေမယ့် တစ်ယောက်နဲ့တစ်ယောက် ညှာထိုးတာတွေ၊ အနိုင်၊ အရှုံးမပေါ်အောင် ထိုးတာတွေကို လုံးဝအဖြစ်ခံမှာ မဟုတ်ပါဘူး။



တူးတူးလေ့ကျင့်နေစဉ်

တူးတူး (နဂါးမာန်)သည် ယခုလက်ရှိတွင် အသက် ၂၆ နှစ်ရှိပြီဖြစ်ပြီး ဝိတ်တန်းအနေဖြင့် ၇၅ ကီလို ဝိတ်တန်းရှိသူဖြစ်ကာ လက်ရှိချန်ပီယံထွန်းထွန်းမင်းနှင့် ငါးကီလိုကွာခြားမှုရှိနေသည်။

ရိုးရာလက်ဝှေ့လောကသို့ ခြေချသည်မှ ယခုချိန်ထိရှုံးပွဲမရှိစံချိန်ပိုင်ဆိုင်ထားပြီး ၂၀၁၂ ခုနှစ် အာရှ(မွေ)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရှင်နှင့် ၂၀၁၃ ဆီးဂိမ်း(မွေ)တွင် ရွှေတံဆိပ် ဆုရှင်ဖြစ်ခဲ့ကာ လက်ရှိတွင် မြန်မာပြည်ပထမတန်း လက်ဝှေ့ကျော်တစ်ဦးအဖြစ် ရပ်တည်နေသူတစ်ဦးဖြစ်သည်။ တူးတူးကို ဖခင်ဦးမြင့်သူနှင့် မိခင် ဒေါ်ချိုတို့က မကွေးတိုင်းဒေသကြီး ပူးကျွန်းကျေးရွာ၌ မွေးဖွားခဲ့ပြီး မွေးချင်းသုံးဦးရှိသည့်အနက် အလတ်ဖြစ်ပြီး အစ်မတစ်ဦးနှင့် ညီမတစ်ဦးရှိသည်။ ၂၀၁၄ ခုနှစ်က အိမ်ထောင်ကျခဲ့ပြီးသားတစ်ယောက် ဖခင်ဖြစ်သည်။

**ဘယ်လက်ဝှေ့သမားမဆို အလွတ်တန်း ချန်ပီယံတော့ဖြစ်ချင်ကြတာပဲ။ ဒါပေမယ့် ခုတော့ မြန်မာပြည် အလွတ်တန်း ချန်ပီယံ က ကျွန်တော့်သူငယ်ချင်းဖြစ်နေတော့ ချန်ပီယံဖြစ်ရေးအိပ်မက်ကို ခဏရပ်ဆိုင်း ထားရသလိုမျိုး ဖြစ်နေတယ်။ ဒါပေမယ့် အသက်အပိုင်းအခြားကလည်း စကားပြော လာပြီဖြစ်တာကြောင့် ချန်ပီယံဖြစ်ရေး စိတ်ကူးအိပ်မက်ကို စတင် အကောင် အထည်ဖော်ရတော့မှာပါ**



တူးတူးနှင့် နဂါးမာန်ကလပ်မှ ထွန်းလွင်မိုးတို့ လေ့ကျင့်ကစားနေစဉ်

# ဆီဆိုင်မြို့သို့ နှစ်ခေါက်လေ...

မြင့်စိုး (နတလ)



ဆီဆိုင်မြို့အထက်နားဆီက တောင်ကုန်းလေးပေါ်တွင် တည်ထားသည့် မွေတော်စေတီအား ဖူးတွေ့ရစဉ်

ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာ ဆေးရုံဖွင့်ပွဲကအပြန် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင် လက်ဆောင်ပေးလိုက်သော လွယ်ဆန်ဆစ်ကျေးရွာထွက် နာနတ်သီးများထဲက အမှည့်ဆုံးတစ်လုံးကို ရောက်ရောက်ချင်းခွဲစားပစ်လိုက်သည်။ လွယ်ဆန်ဆစ် နာနတ်သီးက ထိုဒေသမှာနာမည်ကြီး။ ချိုသည်၊ မွှေးသည်၊ အေးသည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၄ နှစ်ခန့်ကတည်းက စားခဲ့ဖူးသော အရသာကို ယနေ့တိုင်မမေ့ခဲ့။ မမေ့နိုင်၍ တစ်နည်းအားဖြင့် ပြောရလျှင် လွယ်ဆန်ဆစ်ကိုလွမ်းမိ၍ ခြေမြန်လက်မြန် တစ်ယောက်တည်း တစ်လုံးနီးပါးကုန်အောင် ခွဲစားခဲ့မိပြီးမှ အရှေ့အလယ်ပိုင်းပြဿနာကို ဖျတ်ခနဲသတိရလိုက်မိသည်။ အလိုလေး ...သည်နေ့ နေ့လယ်စာစားတုန်းက တပည့်တွေ လာပို့ပေးထားသော သခွားသီးသုပ်တွေကို တနင့်တပိုး စားထားမိပါရောလား။ ဝမ်းနူးစာတွေဆုံနေသောကြောင့် ဟိုတစ်ခါတုန်းကလို ပန်းကမ္ဘာထဲအလည်ရောက်သွားပြီး သူငယ်ချင်းအောင်ဖုန်းတို့အိမ်ဘက်ကိုကူး၍ ကူပါကယ်ပါ ဆေးပေးပါ လုပ်နေရရင်ဖြင့် ဒုက္ခနှင့်လှလှတွေ့တော့မည်။ ဖြစ်ချင်ရာဖြစ်တော့ကွာ ....ဖြစ်ရင်လည်း လွယ်ဆန်ဆစ်အမှတ်တရပဲပေါ့ဟူသော ဆုံးဖြတ်ချက်ဖြင့် စားပစ်လိုက်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲမှာ ဆိုက်ခေါင်ကျေးရွာနှင့် ဆီဆိုင်မြို့က ၁၂ မိုင်သာသာ ခရီးလောက်ပဲရှိသည်။ ဆိုက်ခေါင်ကျေးရွာ ဆေးရုံဖွင့်ပွဲအပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများက တောင်ကြီးသို့ပြန်ကြသည်။ ကျွန်တော်က ပအိုဝ်းဥက္ကဋ္ဌ ဦးခွန်စံလွင်ကို အကူအညီတောင်းပြီးသူနှင့်အတူ ဆီဆိုင်မြို့သို့ခရီးဆက်ခဲ့သည်။ ဆီဆိုင်မြို့ကို မရောက်သည်မှာလည်း နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီ။ ယခင်တစ်ခေါက် ကျောက်တန်းဒေသနှင့် မဲနယ်တောင်တန်းပေါ်သို့ အမှတ်မထင် ရောက်ရှိခဲ့စဉ်ကာလကတည်းက ဆီဆိုင်မြို့ဘက်သို့ ခြေဦးလှည့်လိုသော်ငြား အချိန်မရတော့သဖြင့် ချဉ်ခြင်းတပ်မှုတွေကို မျိုချပြီး ပြန်ခဲ့ရခြင်းဖြစ်၏။ ယခုတစ်ခေါက်တော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကိုရောက်ခဲ့ပါပြီ။ ပထမဆုံး ဦးတည်မိသည်မှာ ၁၉၈၂ ခုနှစ်တွင် ကျွန်တော်၏ကွန်မန်ဒိုတပ်စု နေရာယူတပ်စွဲခဲ့ဖူးသော ဆီဆိုင်မြို့အထက်နားဆီက ဘုရားတောင်ကုန်းလေးဆီကိုပဲဖြစ်သည်။

ထိုဘုရားကုန်းလေးသည် ဆီဆိုင်မြို့တစ်မြို့လုံးကို စိုးမိုးထားသကဲ့သို့ တောင်ဘက်သို့လှမ်းမျှော်ကြည့်လျှင်လည်း လွယ်တဖီးတောင်ကြောတစ်လျှောက် တည်ရှိနေသော ရွာစဉ် ရွာတန်းကလေးတွေကိုလှမ်း၍ တွေ့မြင်နိုင်သောနေရာဖြစ်သည်။ ကျွန်တော်တို့ရှိစဉ်က တပ်မကွန်မန်ဒိုတပ်စုနှစ်စုမှ စစ်သည်များနှင့်အတူ နေထိုင်ခဲ့သော ဘုန်းကြီးကျောင်းဆောင်ဟောင်းလေးတွေကို မတွေ့ရတော့၊ အဟောင်းတွေဖျက်၍ အသစ်တွေ ပြန်ဆောက်ထားပြီးဖြစ်သည်။ အဟောင်းနှင့်တူတာဆို၍ တစ်ဆောင်သာကျန်တော့၏။ ထိုနည်းတူစွာ စေတီကြီးကိုလည်း ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် အဘဦးအောင်ခမ်းထီမှ ဦးဆောင်၍ ပြန်လည်ပြုပြင် မွမ်းမံတည်ထားပြီးဖြစ်ရာ ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ အကူအညီဖြင့် ဆီဆိုင်မြို့ ရေပေးရေးအတွက် ဘုရားကုန်းတော်ပေါ်တွင် ရေစုကန်ကြီးများ တည်ဆောက်ထားသည်ကို တွေ့ရှိခဲ့ရသည်။ ၁၉၈၀ပြည့်လွန်နှစ်များဆီက ကျွန်တော်တို့ ထိုနေရာမှာရှိစဉ် ပစ်ကျင်းတွေ၊ လိုက်ကျင်းတွေ၊ ခေါင်ကတုတ်တွေ တူးခဲ့ဆောက်ခဲ့သော ဘုရားကုန်းကလေး၌ ထိုကဲ့သို့ ပြောင်းလဲသွားသော မြင်ကွင်းများအား မြင်ခဲ့ရသည်ကိုက လှိုက်လှဲဝမ်းသာစွာနှင့် ပီတိတွေ ရင်မှာအပြည့်။ ထိုဘုရားကုန်းကလေးမှ မြို့ထဲသို့ အဆင်းလမ်းကလေးကို လှမ်းမျှော်ကြည့်လိုက်သောအခါ ကျွန်တော့်အာရုံထဲမှာ မြင်းနက်ကြီးစီး၍ တက်လာသော ရှေ့တန်းအမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးဗိုလ်မှူးကြီး ဘုန်းမြင့် (ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်-ငြိမ်း) ၏ပုံရိပ်များက ပြန်ပေါ်လာသည်။ တပ်မမှူးစီးသော မြင်းနက်ကြီးမှာ ရှေ့တန်း အမှတ်(၁၄) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးညွန့်ရှိန်၏ တပ်ခွဲ(၁)နှင့် ဦးတာကလယ်ခေါင်းဆောင်သော ရလလဖအဖွဲ့တို့ ပွန်ချောင်း အရှေ့ဘက်ကမ်း မဲနယ်တောင်တန်းကြီးပေါ်မှာ တိုက်ပွဲဖြစ်ပွားစဉ် ရခဲ့သော မြင်းဖြစ်သည်။ ထိုမြင်းကို ဦးတာကလယ် အမြဲစီးခဲ့သည်ဟု သိရသည်။ မြင်းစီးရင်း ဘုရားကုန်းတပ် စခန်းရှိရာသို့ မကြာမကြာရောက်လာသော တပ်မမှူးကြီးက ....ကောင်လေး ဒီဘုရားကုန်းက အချက်အချာကျတယ်။ တကယ်လို့ တပ်မကုန်းကို လာတိုက်ရင် ဒီမှာလာပြီးတော့ ငါကွပ်ကဲမယ်။ ခံစစ်ကို သေချာပြင်ထားဟု မှာကြားခဲ့ဖူးသော လွန်ခဲ့သည့်နှစ် ၃၀ ကျော်က သူ၏စကား ယနေ့တိုင် ကျွန်တော် ပြန်လည်ကြားယောင်နေဆဲဖြစ်သည်။ နေမျိုးစည်သူ တပ်မ ကွန်မန်ဒိုတပ်ခွဲ တပ်ခွဲမှူးဖြစ်သူ ဗိုလ်မှူး တင်ရီ (ဗိုလ်မှူးကြီးတင်ရီ-ငြိမ်း) ဦးစီးသော တပ်ခွဲရုံးနှင့် တပ်စုတစ်စုက တပ်မကုန်းတွင် အတူရှိနေခဲ့သည်။

လွယ်တဖီးတောင်ကြောသို့ လှမ်း၍ကြည့်လိုက်သောအခါ ထိုတောင်ကြောနှင့် မလှမ်းမကမ်းမှာ တည်ရှိနေသော မိရဲကျေးရွာအနီး ၁၉၈၄ ခုနှစ်၌ တိုက်ပွဲဖြစ်ရင်းကျဆုံးသွားသော အမှတ်(၁၄) ခြေမြန်တပ်ရင်း တပ်ခွဲ(၄)မှ တပ်ခွဲမှူး(ဗိုလ်မှူး) ဗိုလ်ကြီးချစ်သွင်နှင့် စစ်သည်များကို သတိရလိုက်မိသည်။ ထိုနေရာအထိရောက်ရှိလာသော ဗကပအင်အား ၆၀ ခန့်နှင့် ထိတွေ့မှုဖြစ်ခဲ့ရာ ရန်သူ့ထံမှ အလောင်း၊ လက်နက်များစွာ ရရှိခဲ့သလို မိမိတို့ဘက်မှလည်း အရာရှိစစ်သည်အချို့ ကျဆုံးခဲ့ရသည်။ ဗိုလ်ကြီးချစ်သွင်အတွက် သူရဘွဲ့ဆိုင်ရာ စွမ်းရည်ဘွဲ့တံဆိပ်တင်သော စာစောင်ကို ရေးသားပြုစုရန် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက ကျွန်တော့်အား တာဝန်ပေးသည်။ သတ်မှတ်ရက်နီးနေပြီဖြစ်၍အချိန်မီအောင် နေ့ရောညပါ ကြိုးစားပမ်းစားရေးခဲ့ရ၏။ ဘန်းယဉ်မြို့သို့ စစ်ကြောင်း(၁)နှင့်အတူ ဝင်ရောက်ခဲ့သည့်ညက ထိုစာတမ်းကို တပ်ရင်းမှူးရှေ့၌ အကြိမ်ကြိမ်ဖတ်ပြပြီး အကြိမ်ကြိမ်ပြန်လည်ပြင်ဆင်၍ လက်နှိပ်စက်ရိုက်ခဲ့ကြရသည်မှာ တဖြောင်းဖြောင်း။ ဒီကြားထဲ ချောချောမွေ့မွေ့ မရှိလှသော ကျွန်တော်၏ အရေးအသားတွေကြောင့် စိတ်တိုလာသည့် တပ်ရင်းမှူးက လက်နှိပ်ခတ်မီးဖြင့် ထပေါက်ရာ လွတ်အောင် မနည်းငုံ့၍ ရှောင်ခဲ့ရသည့်အဖြစ်ကိုလည်းမမေ့။ အပေါက်ခံရကျိုးနပ်သည်ဟူ၍ပဲပြောရတော့မည်။ ထိုနှစ်အတွက် စွမ်းရည်ဘွဲ့တံဆိပ်များ ချီးမြှင့်ခဲ့ရာတွင် ဗိုလ်ကြီးချစ်သွင်သည် သူရဘွဲ့တံဆိပ် မရခဲ့သော်ငြား သူရဲကောင်းမှတ်တမ်းဝင်ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရ၍ဖြစ်၏။

ဘုရားကုန်းမှ ပြန်အဆင်း ဆီဆိုင်ဈေးရှေ့ကိုဖြတ်သောအခါ လန်ရှန်းတို့ ခေါက်ဆွဲဆိုင်ကလေး ရှိလိုရှိငြားလှမ်းကြည့်လိုက်မိသေး၏။ သို့သော် မမှတ်မိတော့။ အနှစ် ၃၀ ခန့်က ခင်မင်ခဲ့ဖူးသော မိတ်ဆွေမိသားစုများရှိသေး၏။ မရှိတော့၏ကို ဈေးထဲမှာ ဝင်မေးကြည့်ဖို့ဆိုတာကလည်း သိပ်တော့လွယ်မည်မထင်။ ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့သို့ရောက်ရှိစဉ် တစ်ချိန်ကခင်မင်ခဲ့ဖူးသော "မပီး" အမည်ရှိ အမျိုးသမီးတစ်ယောက်ကို ဈေးထဲတွင် လိုက်မေးကြည့်ရာ ဈေးရောင်းနေသော ရှမ်းအမျိုးသမီးကြီးအချို့က ... "မပီး" ဆိုတာ ဘယ်ရပ်ကွက်ကလဲ၊ ရပ်ကွက်(၁)ကလား၊ ရပ်ကွက်(၃)ကလား၊ ဒီဈေးထဲမှာ "မပီး" တွေက လေးငါးခြောက်ယောက်လောက်ရှိနေတယ်။ ဝတဲ့သူတိုင်းကို ရှမ်းလို မပီးလို့ခေါ်တာလေဟုပြောရင်း ဝိုင်း၍ရယ်နေကြတာကို ကြုံခဲ့ဖူး၏။ ယခုလည်း ဆီဆိုင်ဈေးထဲမှာ လန်ရှန်းဘယ်နှစ်ယောက်ရှိနေပြီလဲမသိ။

ဆီဆိုင်ဈေးကလေးကိုကျော်၍ လာလမ်းအတိုင်းပြန်ထွက်လာပြီး တပ်မမှူးဗိုလ်မှူးကြီး ဘုန်းမြင့်၏ ရှေ့တန်းတပ်မရုံးထိုင်ရာ နှစ်ထပ်သစ်သားဆောင်ကလေးကို ဝင်ရောက်ကြည့်ရှုခဲ့ပြီး ပအိုဝ်းဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ကျွန်တော့်မိတ်ဆွေ ဦးမန်းတို့နှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့သေး၏။ **(အောက်ပုံ)** ထိုအချိန်က စစ်ဦးစီးမှူး (ဒုတိယတန်း)နှင့် (တတိယတန်း) တာဝန်ထမ်း ဆောင်နေကြသော ဦးတင်အေး၊ ဦးညဏ်ထွန်း၊ ဦးသောင်းတင်၊ ဦးမောင်ဦးတို့အဖွဲ့ ထိုအဆောင်လေးရှေ့ မနီးမဝေး မြေကွက်လပ်၌ ဘော်လီဘောကစားရင်း ငြင်းကြခုန်ကြ၊ အစအနောက်သန်သော အစ်ကိုကြီး ကိုညဏ်ထွန်းကြောင့် စိတ်တိုတဲ့သူက တိုကြ ၊ ဖြစ်နေပုံများကို မနေ့တစ်နေ့ကလို ပြန်လည်မြင်ယောင်မိသည်။ ယခုတော့ ရှေ့တန်းတပ်မရုံးနေရာကလေးသည် ဆောက်လုပ်ရေးရုံးဝင်းအဖြစ်တည်ရှိနေပြီး ဆီဆိုင်မြို့နယ်၏ လမ်း၊ တံတားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် ဌာနတစ်ခုအဖြစ် တွေ့မြင်နေရပေပြီ။

ဆီဆိုင်မြို့မှ တောင်ဘက်ကားလမ်းအတိုင်း ဆက်သွားလျှင် လွိုင်ကော်မြို့သို့ ရောက်ရှိသွားမည်ဖြစ်သည်။ ဟိုတစ်ချိန်တုန်းကတော့ လမ်းကလည်းမကောင်း၊ ကျွန်တော်တို့စီးသည့် ယာဉ်ကလည်း TE-11၊ TE-21ယာဉ်များဖြစ်၍ ကျောက်ခဲဝါးစားထားလျှင်တောင် အစာကြေသွားနိုင်သည်။ အနည်းဆုံးမကြာဘူးဆိုလျှင်တောင် နေ့တစ်ဝက်လောက်တော့ အသာကလေး ကျိုးသွားသည့် ခရီးဖြစ်သည်။ ယခုတော့ တောင်ကြီး-လွိုင်ကော်ခရီးသည်ပင် လေးနာရီခွဲထက် မပိုတော့ပေ။ တောင်ကြီး-ဟိုပုန်း-နမ့်ခုတ်- ဘန်းယဉ်လမ်းအတိုင်း လာစရာမလိုတော့။ တောင်ကြီးမြို့အနောက်ဘက်မှတစ်ဆင့် ဟမ်းဆီး၊ မွေတော်ဘက်သို့ထွက်ပြီး ဘန်းယဉ်မြို့သို့ဖြတ်ဝင်ကာ ဆီဆိုင်မှတစ်ဆင့် လွိုင်ကော်သို့သွားရောက်နိုင်ပြီဖြစ်သည်။ ပအိုဝ်းဥက္ကဋ္ဌ ဦးခွန်စံလွင်၏ အနာဂတ်ရည်မှန်းချက်များထဲတွင် ဆီဆိုင် တောင်ခြမ်းဒေသများ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးအတွက် မဟာဓာတ်အားလိုင်းမှ မည်သို့မည်ပုံသွယ်ယူမည်ဆိုသော စိတ်ကူးစိတ်သန်းများ ပါဝင်လျက်ရှိသည်။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် သိပ်တော့စိမ်းလှသည်မဟုတ်။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၀၅ ဒသမ ၄၈ သန်းဖြင့် ကျောက်တန်းကျေးရွာအုပ်စုမှ ကျောက်တန်းအပါအဝင် ကျေးရွာခုနစ်ရွာကိုလည်းကောင်း၊ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၀ ဖြင့် နမ့်ခုတ်ကျေးရွာကိုလည်းကောင်း၊ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၅၀ ဖြင့် ပင်လောင်းမြို့နယ်၊ ပေါ့ယားကျေးရွာအုပ်စုနှင့် လုံးပိုးကျေးရွာအုပ်စုများ၌ လည်းကောင်း၊ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

လွန်ခဲ့သောနှစ်နှစ်ခန့်က သွားချင်သည့်ဆန္ဒ အလွန်ပြင်းပြနေ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့နယ်အတွင်းမှ ကျောက်တန်းကျေးရွာနှင့် ဆီဆိုင်မြို့နယ်၊ မဲနယ်တောင်တန်းပေါ်ရှိ ပချားကလို့၊ ကျောက္ကချားကျေးရွာများသို့ အရောက်သွားခဲ့ဖူးသည်။ ဟိုပုန်း ကျောက်တန်းလွမ်း၍သွားခဲ့သည် အမည်ဖြင့် ဆောင်းပါးတွေရေးဖြစ်ခဲ့၏။ ယခုလည်း နှစ်ပေါင်း ၃၀ ကျော်ကြာမှ တစ်ခေါက်ပြန်လည်ရောက်ရှိသည့် ဆီဆိုင်ဒေသနှင့်ပတ်သက်၍ လွမ်းစာခွေ ဖွဲ့မိနေပြန်ပါပြီ။ ပအိုဝ်းတိုင်းရင်းသားသွေးချင်းများနှင့်လည်း ထပ်မံ၍ ရေစက်ဆုံချင်ပါသေးသည်။

ထိုဘုရားကုန်းလေးသည် ဆီဆိုင်မြို့တစ်မြို့လုံးကို စိုးမိုးထားသကဲ့သို့ တောင်ဘက်သို့ လှမ်းမျှော်ကြည့်လျှင်လည်း လွယ်တဖီးတောင်ကြောတစ်လျှောက် တည်ရှိနေသော ရွာစဉ် ရွာတန်းကလေးတွေကိုလှမ်း၍ တွေ့မြင်နိုင်သောနေရာဖြစ်သည်။ ကျွန်တော်တို့ရှိစဉ်က တပ်မကွန်မန်ဒိုတပ်စုနှစ်စုမှ စစ်သည်များနှင့်အတူ နေထိုင်ခဲ့သော ဘုန်းကြီးကျောင်းဆောင်ဟောင်းလေးတွေကို မတွေ့ရတော့၊ အဟောင်းတွေဖျက်၍ အသစ်တွေ ပြန်ဆောက်ထားပြီးဖြစ်



# လွမ်းမောဖွယ် အလွန်ကောင်းသော သရေခေတ္တရာ ပျူနိုင်ငံတော်သို့ အလည်တစ်ခေါက်

**မောင်ယဉ်ဝေ**



သရေခေတ္တရာမြို့ဟောင်းကို ရန်ကုန်မြို့မှ ပြည်မြို့သို့ ကားဖြင့် သွားလျှင် မိုင် ၁၈၀ ခန့်ရှိပြီး ပြည်မြို့မှ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ ပေါက်ခေါင်းသွားရာလမ်းဘေးတွင် တည်ရှိပါသည်။ သရေခေတ္တရာမြို့ဟောင်း၏အလယ်တွင် မှော်ဇာဘူတာရှိပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က ပျူလူမျိုးနှင့်ပျူနိုင်ငံတော်ကြီးသည် မားမားစွင့်စွင့် ဝင့်ဝင့်ထည်ထည် အမှန်တကယ်ရှိခဲ့သော်လည်း နယ်ချဲ့သမိုင်းရေးဆရာတို့ကြောင့် ဒဏ္ဍာရီသဖွယ်၊ ပုံပြင်သဖွယ် ဖြစ်ခဲ့ရပါသည်။ သို့သော် မြန်မာ့သမိုင်း၊ ပျူသမိုင်းတို့ကို နယ်ချဲ့သမိုင်းရေးဆရာတို့က ဖျောက်ဖျက်ရုံဖြင့် ပျောက်ကွယ်ရိုးမရှိပေ။

"ကမ္ဘာ့အမွေအနှစ် သရေခေတ္တရာပျူမြို့ဟောင်း" ဆိုင်းဘုတ်ကျောက်တုံးကြီးက ပထမဆုံးနှုတ်ဆက်ကြိုဆိုနေပါသည်။ မြို့အပြင် မိုးသားတွေအောက်မှာ မိုးစက်ကလေးနှင့် အတူ လေနုအေးလေးတွေက မျက်နှာတစ်ခုလုံးကို လာဖျန်းပက်လိုက်သလို အေးမြကြည်လင်လန်းဆန်းသွားပြီး လွမ်းမောစရာကြေကွဲမှုကိုလည်း တစ်ပြိုင်နက်ခံစားရပါသည်။ ပျူလူမျိုးနှင့်ပျူနိုင်ငံတော်ကြီးသည် ဤရေ ဤမြေပေါ်တွင် တင့်တင့်တယ်တယ် ထွန်းကားတည်ရှိခဲ့သည်မှာ အမှန်ပင် ဖြစ်ခဲ့ပါသည်။

ကြိုဆိုရေးဆိုင်းဘုတ်နောက်ကစပြီး နဂါးတွန့်အဝင်တံခါးတစ်ခုရှိပြီး မြို့ဟောင်း၏ အနောက်မြောက်ဘက်တွင် တည်ရှိပါသည်။ မြို့ရိုးပုံသဏ္ဌာန်သည် ဝိုင်းသလိုလေးရှိပြီး ယင်းတံခါးသည် ဗိဿနိုးမြို့ဟောင်းနှင့် ဟန်လင်းမြို့ဟောင်းတို့၏ ဝင်ပေါက်ပုံသဏ္ဌာန်များနှင့် တူညီကြောင်း တွေ့ရှိရပါသည်။ နတ်ပေါက်တံခါးသည် မြို့ဟောင်း၏မြောက်ဘက်တွင်တည်ရှိပြီး မြို့ဝင်ပေါက် မြို့ရိုးလက်တံနှစ်ခုတွင် အနောက်ဘက်ခြမ်းရှိ မြို့ရိုးလက်တံသည် ယခုမှော်ဇာရွာအတွင်းသို့သွားသော ကားလမ်းအဖြစ်တွေ့မြင်နိုင်ပြီး ကျန်လက်တံတစ်ခုနှင့် နဂါးတွန့်အုတ်မြို့ရိုးဟောင်းတို့သည် ဗြိတိသျှကိုလိုနီခေတ်ကစပြီး ပြည်-ပေါက်ခေါင်းကားလမ်းအဖြစ် ယနေ့အချိန်ထိ အသုံးပြုခဲ့ကြပါသည်။

မြို့ဟောင်း၏ အရှေ့ဘက်တွင် ပင်လယ်အင်း၊ ဈေးချောင်းနှင့် ကျယ်ဝန်းသော လယ်မြေများရှိပါသည်။ အနောက်ဘက်တွင် လူနေအိမ်တိုးချဲ့ရပ်ကွက်များ၊ မြင့်မားသောတောင်ကုန်းနှင့် ယင်းကိုကျော်လွန်၍ ဧရာဝတီမြစ်ကိုလည်း တွေ့ရှိရပါသည်။ မြို့ဟောင်း၏မြောက်ဘက်တွင် ရှေးဟောင်းပြတိုက်၊ လောသော့ချောင်းနှင့် နဝင်းချောင်းတို့ရှိပါသည်။ မြို့ဟောင်းတောင်ဘက်တွင် ပျူတို့၏အရိုးကုန်း၊ ရှေးခေတ်ဘာသာရေးအဆောက်အအုံများ၊ အုတ်မြို့ရိုး၊ ရေကျုံးဟောင်းတို့ ပတ်လည်ကာရံထားပါသည်။ သရေခေတ္တရာမြို့ဟောင်း၏ ဧရိယာသည် ၄၅၄၅ ဧက ရှိပြီး မြန်မာနိုင်ငံရှိ ရှေးဟောင်းမြို့များတွင် အကျယ်ဝန်းဆုံး ဖြစ်ပါသည်။

ရှေးပျူမြို့တော်ဟောင်းများ၏ ထုထည်မြင့်မားသော အုတ်မြို့ရိုးကြီးနှင့် မြို့တော်အကျယ်အဝန်းအရှည်သည် ၁၄ ကီလို မီတာရှိပါသည်။ ဘောဘောကြီးစေတီ၊ ဘုရားကြီးစေတီ၊ ဘုရားမာစေတီ စသည့်စေတီပုထိုးများမှာ ကိုးကွယ်တည်ရှိနေဆဲဖြစ်ပါသည်။ ဤစေတီတော်ကြီးများ၏ ရှေ့ပြေးဗိသုကာလက်ရာများအပြင် ခင်ဘကုန်း၊ မသီးကျကုန်းစေတီများကိုလည်း ဖူးတွေ့နိုင်ပါသည်။ ခင်ဘကုန်းစေတီအတွင်းမှရရှိသော ဌာပနာပစ္စည်းပေါင်း ၅၁၃ ခုတွင် ရွှေပေလွှာအချပ် ၂၀ မှာ ကမ္ဘာပေါ်တွင်ရှိနေသော ပါဠိ၊ ပိဋကတ်တော်များတွင် ရှေးအကျဆုံး အနေအထားတွင်ရှိပြီး ငွေဗောဓိပလ္လင်မှ ဗုဒ္ဓဆင်းတုတော်ရုပ်ကြွင်းများသည်လည်း အရှေ့တောင်အာရှတွင် အစောဆုံးဆင်းတုတော်လက်ရာများဖြစ်သည်။ ပျူစာပေအရေးအသားအထောက်အထားများစွာကို အရိုးအိုး၊ ကျောက်စာ၊ ငွေပေလွှာ တံဆိပ်နှင့်အုတ်ခဲများတွင် တွေ့ရှိနိုင်ပါသည်။

ဗိသုကာလက်ရာနှင့် အနုပညာလက်ရာများ ထွန်းကားခဲ့ပုံကိုလည်း ကြီးမားသည့်စေတီတော်ကြီးအပြင် ဘုရားထောင်ဂူဘုရား၊ ဘဲဘဲဂူဘုရား၊ လေးမျက်နှာဂူဘုရား၊ ရဟန္တာဂူဘုရားများနှင့် ရွှေငွေကျောက်မျက်ရတနာ အဆင်တန်ဆာများအရ သိရှိနိုင်ပါသည်။ ထို့ကြောင့် ကုန်သွယ်ရာတွင် အသုံးပြုသော ငွေဒင်္ဂါးများနှင့် မြေမီးဖုတ်တံဆိပ်များကိုလည်း ရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းပြသထားပါသည်။ ပျူမြို့တည်ဆောက်မှုအတတ်ပညာကိုဖော်ပြသော မြို့ရိုး၊ ကျုံးနှင့် မြို့ရိုးဝင်ပေါက် ကိုးပေါက်မှာ နဂါးတွန့်၊ နတ်ပေါက်၊ တွင်းပြည်း၊ မင်္ဂြော၊ သာယာဝတီ၊ ရဟန္တာ၊ လုလင်ကျော်၊ မှုတ်ရှည်၊ ရွှေတံခါးစသည့် မြို့ဝင်ပေါက်များကို ယင်းရေသွင်းရေထုတ်စနစ်ဆိုင်ရာ ရေကျုံးအထပ်ထပ်နှင့် မြေနိမ့်လွင်ပြင်စသည့် မြေအနေအထားကွဲပြားမှုကိုအခြေခံ၍ တည်ဆောက်ထားသည့် ပျူတိုက်များနှင့် မြို့တည်ဆောက်ဖွဲ့စည်းပုံများသည် ပျူတို့၏ အဆင့်အတန်းမြင့်မားသောယဉ်ကျေးမှုကို လည်းကောင်း ပြသခြင်းဖြစ်ပါသည်။

သံထုတ်လုပ်မှုနှင့် နည်းပညာတိုးတက်ခဲ့ခြင်းကို မြို့ဝင်ပေါက်နှင့်နန်းတော်ရာမှမြင်တွေ့ရသော သံမယ်နကြီး(သံမှို)များက သက်သေပြလျက်ရှိပါသည်။ ယင်းသံမယ်နကြီးများမှာ ထောင့်တည့်တည့်မဟုတ်ဘဲ ထောင့်၏ဘေးတွင်ရှိနေကာ ပန္နက်ကြိုးဆွဲသောငုတ်များ ဖြစ်နိုင်မည်ဟု ထင်ရပါသည်။ ဤကဲ့သို့ မြို့ရိုးဝင်ပေါက်တွင် သံမယ်နကြီးများ စိုက်ထူသော ဓလေ့ကို သရေခေတ္တရာ မြို့ဟောင်းတွင်သာတွေ့ရှိရပြီး အခြားပျူမြို့ဟောင်းများတွင် မတွေ့ရှိပေ။ ထို့ကြောင့် သရေခေတ္တရာမြို့ဟောင်းတွင် သံထည်ပစ္စည်းနှင့် လက်နက်ကိရိယာများကို ထုတ်လုပ်အသုံးပြုခဲ့ကြောင်း တွေးဆနိုင်ပါသည်။

နန်းတော်ရာသည် သရေခေတ္တရာမြို့ဟောင်း၏ အလယ်ဗဟိုမကျတကျတွင် တည်ရှိပြီး နန်းမြို့ရိုးသည် အလျား ၅၁၈ ဒသမ ၁၆ မီတာ၊ အနံ ၃၄၂ ဒသမ ၉ မီတာရှိပါသည်။ နန်းတော်ရာတူးဖော်ခြင်းမှ အုတ်ကြွပ်အမိုးပြားများ၊ အုတ်ခွက်နှင့် အုတ်အိုးခြမ်းကွဲများ၊ ကြေးထွက်ပစ္စည်း၊ သံထွက်ပစ္စည်းနှင့် သံမယ်နကြီးများ၊ ပျူစာပါနှင့် လက်စင်းရာပါအုတ်ချပ်များ၊ မြေပုတီးများ၊ ဖန်ပုတီးများနှင့် ကျောက်ဆံထိုးများ၊ ဒွိပါလရုပ်တု တစ်ခု စသည်တို့ကိုတွေ့ရှိခဲ့ပါသည်။ နန်းတော်ရာတွင် ပါဝင်သော အဆောက်အအုံများသည် အချိန်ကာလတစ်ခုတည်းတွင် တစ်ပြိုင်တည်းတည်ဆောက်ခဲ့ခြင်းမဟုတ်ပေ။ ပျူခေတ်အဆက်ဆက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆရပါသည်။

ကုန်းအမှတ်(၅၃) အရိုးကုန်းသည် ရဟန္တာတံခါးပေါက်မှ မြင်ဗာဟုဘုရားသို့ သွားရာလမ်းတောင်ဘက်တွင် တည်ရှိပြီး အရိုးအိုးအများအပြားမြှုပ်နှံထားသည်ကို တွေ့ရှိရပါသည်။ ဤကုန်းမှ မြေမီးဖုတ်အုတ်ခွက်ငါးခု၊ ထိပ်နှစ်ဖက်အသွားပါသော ဓားငယ်များ၊ ကြေးချူလုံးငယ်များ၊ သံထည်ပစ္စည်းများကို တွေ့ရပါသည်။ ဗိဿနိုးမိဖုရားသင်္ချိုင်းသည် လေးမျက်နှာဂူဘုရား၏ အရှေ့ဘက် ကိုက် ၃၀ ခန့်တွင် တည်ရှိပြီး တူးဖော်ရာတွင်ကြီးမားသော ကျောက်အရိုးအိုးခြောက်လုံးကိုတွေ့ရှိခဲ့ပါသည်။ ကျောက်အရိုးအိုးမှာ ပျမ်းမျှအားဖြင့်ပတ်လည် ၂ ဒသမ ၄ မီတာနှင့် အမြင့် ၀ ဒသမ ၈၄ မီတာရှိပြီး ကျောက်ခွေများဖြင့် ဆက်စပ်ပြုလုပ်ထားကြောင်း တွေ့ရှိရပါသည်။ ဗိဿနိုးမိဖုရားနှင့် ဆွေတော်မျိုးတော်များ၏ သင်္ချိုင်းတစ်ခုဖြစ်သည်ဟု ဆိုကြသည်။

ဘောဘောကြီးစေတီသည် သရေခေတ္တရာမြို့ဟောင်းရှိ အထင်ကရစေတီတစ်ဆူဖြစ်ပြီး ထူပါ(ခေါ်)စေတီ အမျိုးအစားဖြစ်ပါသည်။ ဒွတ္တပေါင်မင်းကြီး တည်ထားခဲ့သော ကောင်းမှုစေတီကိုးဆူထဲတွင် တစ်ဆူအပါအဝင် ဖြစ်သည်ဟု အဆိုရှိသည်။ ဉာဏ်တော်အမြင့်မှာ ၁၅၃ ပေရှိသည်။ မှန်နန်းရာဇဝင်ဖော်ပြချက်အရ ဘောဘောကြီးစေတီတော်အတွင်းမှ ဓာတ်တော်ဌာပနာတော်များကို ပင့်ဆောင်၍ ပုဂံမြို့တော်ရှိ ရွှေဆံတော်ဘုရားတွင် ဌာပနာခဲ့ကြောင်း သိရပါသည်။ မသီးကျကုန်းစေတီသည် မြန်မာနိုင်ငံ၏ စေတီတည်ထားကိုးကွယ်မှုသမိုင်းတွင် အစောဆုံးစေတီပုံများထဲမှ တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဤစေတီသည် ပျူလူမျိုးတို့၏ဗုဒ္ဓဘာသာကို ကူးပြောင်းလက်ခံကိုးကွယ်မှုနှင့် သာသနိကအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုပြုလုပ်မှုတစ်ခုဖြစ်သောကြောင့် ကမ္ဘာ့အမွေအနှစ်စံချိန်စံညွှန်းအဖြစ် သတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ကုလသမဂ္ဂဆိုင်ရာ ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်သတ်မှတ်နိုင်သည့် ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုးအမျိုးအစားပြည့်စုံကြောင်း အထောက်အထားများတင်ပြနိုင်ခဲ့၍ ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများဖြစ်သော-

(က) ပြည်သရေခေတ္တရာ ပျူမြို့ဟောင်း

(ခ) တောင်တွင်းကြီး ဗိဿနိုး ပျူမြို့ဟောင်း

(ဂ) ရွှေဘို-ဟန်လင်း ပျူမြို့ဟောင်းများကို ကမ္ဘာသိ မြန်မာသိ ထည့်သွင်းအသိအမှတ်ပြုသတ်မှတ်ခဲ့ကြကြောင်း သိရသည်။

# လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၏ (၁၃) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး အမျိုးသားသွေးဌာန (ရန်ကုန်) ၌ ကျင်းပခဲ့သည်။

အခမ်းအနား၌ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်လေးရပ်အနက် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်ကြောင်း၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၏ စုပေါင်းသွေးလှူဒါန်းမှုအခြေအနေများ၊ ဆေးရုံတွင် အရေးပေါ်သွေးလိုအပ်ပါက လုံခြုံရေးရဲတပ်ဖွဲ့ခွဲများသို့ တိုက်ရိုက်ဆက်သွယ်၍ သွေးအလှူခံယူနိုင်သည့် အခြေအနေများအားပြောကြားပြီး မြောက်ဥက္ကလာပဆေးရုံကြီးမှ ဒေါက်တာဖြိုးသူအောင်က သွေးလှူဒါန်းခြင်းနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဆေးရုံကြီး၌ အမှတ်(၂)လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်ငါးဦး၊ အမှတ်(၅/၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၆၈ ဦးနှင့် မိသားစုဝင် ၅ တို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

အလားတူ ယင်းနေ့တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ အမှတ်(၇/၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင် ၁၁၀ တို့က လည်းကောင်း၊ သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ အမှတ်(၃/၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင် ၂၈ ဦးတို့ကလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးနှင့် ကရင်ပြည်နယ် ဘားအံပြည်သူ့ဆေးရုံကြီးတို့၌ အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၅၈ ဦးတို့က လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၃၀ တို့က လည်းကောင်း စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**






- MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
- သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
- VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
- *အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။

"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 | free hotline 24 hours everyday


MELIÃ
A NEW WORLD CLASS LUXURY HOTEL
NOW IN YANGON
Welcome to Meliá Yangon, where world class luxury and dedicated services converge into the most exclusive hotel in Yangon.
• 430 elegant rooms and suites
• Free Wi-Fi
• 24-hour business center
• A large fitness center and YHI Spa
• Outdoor swimming pool
• The Level, Executive Floors and Lounge
• Avant-garde restaurants and bars
• Banquet and wedding facilities
• Only 15-minute drive to Yangon International Airport and city center
MELIÃ
YANGON
MYANMAR
Your Date with the World
melia.com
For reservation or enquiry, please contact (+95) 1 934 5045
192 Kaba Aye Pagoda Road, Yangon, Bahan Township, Yangon, Myanmar, Tel: (+95) 1 934 5000, Fax: (+95) 1 934 5055, melia.yangon@meliayangon.com.mm

# CLMV လေးနိုင်ငံခရီးသွားနှင့် ဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ပေါင်းစည်းနိုင်ရေး လေးပွင့်ဆိုင်ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၃၀**

ကမ္ဘောဒီးယား- လာအို- မြန်မာနှင့် ဗီယက်နမ် (CLMV) လေးနိုင်ငံအကြား ခရီးသွားလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးနှင့် ဘဏ်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ပေါင်းစည်းဆောင်ရွက်နိုင်ရေး လေးပွင့်ဆိုင် သက်ဆိုင်ရာဝန်ကြီးများ၊ ဥက္ကဋ္ဌများနှင့် ဌာနအကြီးအကဲများ တွေ့ဆုံဆွေးနွေးသည့် ကွန်ဖရင့်ကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ Melia ဟိုတယ် ဒုတိယထပ်၌ကျင်းပခဲ့သည်။

အဆိုပါ ကွန်ဖရင့်ကို အိမ်ရှင်မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့ ပူးပေါင်းပါဝင်ကာ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအသင်းက ကူညီပံ့ပိုးဆောင်ရွက်ခြင်းဖြစ်ပြီး CLMV လေးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လုပ်ဆောင်နိုင်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအားဖိတ်ခေါ်ရေး၊ CLMV ခရီးစဉ်ဒေသအား စိတ်ဝင်စားဖွယ်ကောင်းသော ခရီးစဉ်တစ်ခုအဖြစ် မြှင့်တင်နိုင်ရေး၊ အဖွဲ့ဝင်နိုင်ငံများ၏ ရိုးရာအစားအစာများနှင့် ယဉ်ကျေးမှုအနုပညာများအား ဖလှယ်ရေး၊ ဈေးကွက်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းလေးနိုင်ငံအကြား

*စာမျက်နှာ ၆ ကော်လံ ၁* ❐



# ရောဝတီတံတား(ထီးချိုင့်) ချဉ်းကပ်လမ်းရေကျော်၍ ယာယီပိတ်ဆို့ထား အဝေးပြေးယာဉ်များဖြတ်ကူးနိုင်ရေး စောင့်ဆိုင်းလျက်ရှိ

**ထီးချိုင့် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့၌ ရောဝတီမြစ်ရေမြင့်တက်မှုကြောင့်ရောဝတီတံတား (ထီးချိုင့်) ချဉ်းကပ်လမ်း ထီးချိုင့်ဘက်အပိုင်းတွင် လမ်းရေကျော်လျက်ရှိရာ အဝေးပြေးယာဉ်များ ဖြတ်သန်းနိုင်ရေး ဇူလိုင် ၃၀ ရက်တွင် စောင့်ဆိုင်းနေရကြောင်း သိရသည်။ **(အပေါ်ပုံ)**

"ထီးချိုင့်ဘက်အပိုင်း ချဉ်းကပ်လမ်းမှာ ဇူလိုင် ၂၆ ရက်က စတင်ပြီး သုံးပေခွဲခန့်ရေကျော်နေလို့ မြို့နယ်က တာဝန်ရှိသူတွေနဲ့ ဆောက်လုပ်ရေးဌာနတို့ညှိနှိုင်းကာ အန္တရာယ်ရှိနိုင်တယ်လို့ယူဆပြီး လမ်းကို ဖြတ်သန်းသွားလာခြင်းမပြုဖို့ ယာယီလမ်းပိတ်ထားပါတယ်။ ယနေ့ညနေ ၃ နာရီလောက်မှာ မန္တလေး-မြစ်ကြီးနား အဝေးပြေးယာဉ်ကြီးတချို့က ကုန်စိမ်းတွေပါရှိတဲ့အတွက် ပျက်စီးမှာစိုးရိမ်ပြီး ရေကျော်လမ်းကို ဇွတ်ဖြတ်သန်းကြတဲ့အတွက် သက်ဆိုင်ရာ ဆောက်လုပ်ရေးဌာနကယာဉ်နဲ့ ကန့်လန့်ခံ တားဆီးပိတ်ဆို့ထားရပါတယ်။ မော်တော်ယာဉ်တွေနှင့် ခရီးသွားပြည်သူတွေ မလိုလားအပ်တဲ့ အန္တရာယ်မဖြစ်ပေါ်စေဖို့အတွက် သက်ဆိုင်ရာက ယာယီပိတ်ဆို့ထားတာဖြစ်ပါတယ်။ စိတ်ချရတဲ့အခြေအနေမှာ ပုံမှန်ပြန်လည် ဖြတ်သန်းခွင့်ပြုပေးသွားမယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ချဉ်းကပ်လမ်းရေကျော်နေမှုဖြစ်စဉ်ကြောင့် အဆိုပါလမ်းပိုင်းမှတစ်ဆင့် ကချင်ပြည်နယ်ရှိ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်းမြို့များသို့ သွားရောက်ကြမည့် ကုန်တင်ယာဉ်ကြီးများ ရပ်တန့်စောင့်ဆိုင်းနေရကြောင်း သိရသည်။

**ဇွဲမာန်(ထီးချိုင့်)**

# ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ရောဝတီမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ တစ်ပေခွဲခန့်၊ မြင်းမူမြို့၌ ပေဝက်ခန့်၊ ပခုက္ကူမြို့၌ တစ်ပေခန့်၊ ညောင်ဦးမြို့၌ နှစ်ပေခွဲခန့်၊ ဟင်္သာတမြို့၌ ပေဝက်ခန့်နှင့် ဇလွန်မြို့၌ သုံးလက်မခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေသည်။

အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ ပေဝက်ခန့်စီ၊ နောက်နှစ်ရက်အတွင်း မြင်းမူမြို့ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ တစ်ပေခန့်စီနှင့် နောက်သုံးရက်အတွင်း ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ တစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မန္တလေးမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

# ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းများ ပိတ်ထားခဲ့ရပြီး အိမ်များအတွင်း ရေများဝင်ရောက်

**ကသာ ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာနှင့် ထီးချိုင့်မြို့နယ်တို့၌ ဇူလိုင် ၂၉ ရက်က ရောဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ကသာမြို့နယ်တွင် စာသင်ကျောင်း ၃၄ ကျောင်း၊ ထီးချိုင့်မြို့နယ်တွင် စာသင်ကျောင်း ၂၅ ကျောင်းတို့ရေဝင်သဖြင့် ပိတ်ထားရပြီး အိမ်များအတွင်းသို့လည်း ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။ ရောဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ထီးချိုင့်မြို့ပေါ်ရှိ အမှတ် (၃)ရပ်ကွက်နှင့် အမှတ် (၄) ရပ်ကွက်ရှိ အိမ်ထောင်စုများကို ကျောက်စေတီဘုန်းကြီးကျောင်းနှင့် ရွှေစည်းခုံဘုန်းကြီးကျောင်းတို့၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့တွင်းမီဒီယာများ၊ လူမှုရေးအသင်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်၍ ရေဝင်ဒေသများကို ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ငွေအိုး (ကသာ)**



